# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ပဉ္စမနေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
## (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၅၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၈၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး က တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၂၉ ရက်၊

(၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

(၃) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၄) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၅) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၆) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၇) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁ ရက်၊

(၈) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၉) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်၊

(၁၀) မံစီမဲဆန္ဒနယ် ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၁၁) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၂) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၁ ရက်၊

(၁၃) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊

(၁၄) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၅ ရက်၊

(၁၅) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို ခွင့် ၁ ရက်၊

(၁၆) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၁ ရက်နှင့်

(၁၇) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မှုကြမ်း**

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီးဌာန၏ ရခိုင်ပြည်နယ်အတွင်း အကောင်းအထည်ဖော်ဆောက်လုပ်မည့် မုန်တိုင်းဒဏ်ခံအဆောက်အဦမည်မျှဆောက်လုပ်ပေးခဲ့သနည်း၊ နိုင်ငံခြားအကူအညီအထောက်အပံ့ကို မရရှိပါက ဝန်ကြီးဌာနအနေဖြင့် မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)။** ။ အားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမယ့်အကြောင်းအရာကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ် ပင်လယ်ကမ်းစပ်ကုန်းမြင့်မရှိတဲ့ဒေသတွေမှာ မုန်တိုင်းခံအဆောက်အဦများ တည်ဆောက်ခြင်းနှင့်ပတ်သက်ပြီးတော့ မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်သည် ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်နေသောဒေသတစ်ခုဖြစ်ပြီးတော့ မုန်တိုင်းဒဏ်ကို မကြာခဏခံရလေ့ရှိပြီးတော့ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနေတာ အမြဲတမ်းကြုံတွေ့နေရလေ့ရှိပါတယ်။ တချို့သော ကျေးရွာများမှာဆိုရင် တောင်ကုန်းမရှိတဲ့အတွက်နဲ့ ပင်လယ်ထဲမှာ မျှောနေတဲ့ကျွန်းလွတ်ပေါ်မှာ တည်ရှိနေခြင်းအားဖြင့် ကြီးမားသော ဆိုက်ကလုန်းမုန်တိုင်းများ ဝင်ရောက်လာပါက မလွဲမသွေပျက်စီးကြရမယ့်အခြေအနေမှာရှိနေပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် စတုတ္ထအကြိမ် ကြယ်ပွင့်မပြမေးခွန်းနှင့်မေးမြန်းခဲ့တဲ့အခါမှာ လူမှုဝင်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၁-၆-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁/၃-၅၅ လွှတ်တော် ၂၃၂ မြေပုံမြို့နယ် ကျေးရွာ ၁၈ ရွာမှာ မုန်တိုင်းခံအဆောက်အဦ ၁၃ လုံး၊ ပေါက်တောမြို့နယ် ကျေးရွာသုံးရွာမှာ မုန်တိုင်းခံအဆောက်အဦ ၅၄ လုံး၊ ရသေ့တောင်မြို့နယ် သုံးရွာမှာ မုန်တိုင်းခံအဆောက်အဦ ၁၇ လုံး၊ မင်းပြားမြို့နယ် လေးရွာမှာ မုန်တိုင်းခံအဆောက်အအုံ ၄၉ လုံး စုစုပေါင်း ၂၅၁၊ တစ်လုံးလျှင် သန်းပေါင်း ၂၅ သန်းဖြင့် ကုန်ကျငွေ ၆၂၇၅ သန်းဖြင့် တည်ဆောက်ပေးမယ့် ဦးစားပေးအစီအစဉ်ရေးဆွဲထားတယ်ဆိုပြီးတော့ ပြန်လည်ဖြေကြားပါတယ်။ နိုင်ငံခြားအကူအညီအထောက်အပံ့များရရှိပါက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်ဆိုပြီးတော့ ဖြေကြားတာတွေ့ရပါတယ်။

ဒုတိယအကြိမ်လည်းပဲ ကျွန်တော် အဲလိုပဲမေးခဲ့တဲ့အခါမှာ ဝန်ကြီးဌာနက ဖြေကြားတဲ့အခါမှာ ဒီအဆင့် ထက်မပိုခဲ့ပါဘူး။ အဲဒါကြောင့် ကျွန်တော် တတိယအကြိမ် မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီလိုထပ်ကာ ထပ်ကာ ဘာလို့မေးနေရသလဲဆိုတော့ ဒါဟာ ကျွန်တော်တို့ဒေသရဲ့ ပုဂ္ဂိုလ်တွေကို၊ မရှိတဲ့သူတွေကို ကျွန်တော်က အသက်တွေ၊ ဘဝတွေ ကယ်ဆယ်ချင်လို့ ကယ်တင်နိုင်အောင်လို့ ကြိုးစားခြင်းဖြစ်ပါ တယ်။ တိကျတဲ့အဖြေကိုလည်း လိုချင်လို့ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ဒီဖြေကြားမှုနှင့်ပတ်သက်ပြီးတော့ နောက်ဆက်တွဲဖြစ်ပေါ် တိုးတက်မှုများကို ရှင်းလင်းစွာသိလိုပါ၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းများကို တင်ပြမေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) ပြည်ထောင်စုဝန်ကြီးဌာန၏ ရခိုင်ပြည်နယ် အတွင်း ဦးစားပေးအဆင့် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်မည့် မုန်တိုင်းခံအဆောက်အဦ ၂၅၁ လုံးထဲက အဆောက်အဦမည်မျှကို ဆောက်လုပ်ပေးပြီးဖြစ်ပါသနည်း။ မည်သည့်မြို့နယ်၊ မည်သည့်ကျေးရွာများတွင် ဖြစ်ပါသနည်း။ မေးခွန်း(၂) ကျန်အဆောက်အဦများ ဆောက်လုပ်နိုင်ရန် နှစ်စဉ်လျာထားသတ်မှတ်ချက် မည်သို့ဆောင်ရွက်သွားမည်ကို လုပ်ငန်းစဉ်အား သိရှိလိုပါသည်။ မေးခွန်း(၃) နိုင်ငံခြား အကူအညီအထောက်အပံ့မရရှိပါက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားများ၏ အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးပျက်စီးမှုများအား ကာကွယ်နိုင်ရန် မုန်တိုင်းခံအဆောက်အဦများ အဆောတလျင် တည်ဆောက် နိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ထားကြောင်းကို သိရှိလိုပါသည်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားတဲ့ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ လူမှုဝန်ထမ်းကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် ဖြစ်ပါတယ်။ ရခိုင် ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း မေးမြန်းထားရှိတာနှင့် ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးဌာနရဲ့ကိုယ်စား မေးခွန်းကို ပြန်လည်ပြီးတော့ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ သာမန်အချိန်တွင် စာသင်ကျောင်း၊ ဘိုးဘွားရိပ်သာ၊ ဓမ္မာရုံ စတဲ့ Community Shelter အဖြစ် အသုံးပြုနိုင်ပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ယာယီခိုလှုံရာ အဆောက်အဦအဖြစ် အသုံးပြုနိုင် သော Multipurpose Shelter တစ်လုံးကို ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျပ်သိန်း ၆၀၀ သုံးစွဲလျက် မြေပုံမြို့နယ် လွန်းလုံးပိုက်ကျေးရွာတွင် Multipurpose Shelter တစ်လုံးနှင့် ပေါက်တောမြို့နယ် သာစည်ကုန်းကျေးရွာတွင် Multipurpose Shelter တစ်လုံးတို့အား ဆောက်လုပ်ပေးခဲ့ရာ မြေပုံမြို့နယ် လွန်းလုံးပိုက်ကျေးရွာတွင် Multipurpose Shelter အား ၂၅-၁၁-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ ပေါက်တောမြို့နယ် သာစည်ကုန်းကျေးရွာတွင် Multipurpose Shelter တစ်လုံးအား ၂၅-၉-၂၀၁၄ ရက်နေ့တွင် လည်းကောင်း ဆောက်လုပ်ပေးခဲ့ပြီးပြီဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကလည်း ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှာ စုစုပေါင်း ကျပ်သန်း ၃၅၀၀၀ တန်ဖိုးရှိတဲ့ Cyclone Shelter ၁၀ လုံးကို စစ်တွေမြို့နယ် ပလ္လင်ကျေးရွာ၊ မင်းလှကျေးရွာ၊ သဲချောင်းကျေးရွာ၊ ဘောတူဖကျေးရွာ၊ ပေါက်တော မြို့နယ် ကံပြင်ကျေးရွာ၊ မင်းပြားမြို့နယ် အိုင်ဝန်းကျေးရွာ၊ မြေပုံမြို့နယ် သင်ပေါင်းချောင်းကျေးရွာ၊ ပြင်ချောင်းကျေးရွာ၊ ကျောက်ဖြူမြို့နယ် သဲတန်းကျေးရွာနှင့် တောင်ကုတ်မြို့နယ် ငမောက်ချောင်း ကျေးရွာတို့တွင် တည်ဆောက်လျက်ရှိရာ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ မြေပုံမြို့နယ်၊ တောင်ကုတ်မြို့နယ်တို့တွင် ဆောက်လုပ်လျက်ရှိတဲ့ Cyclone Shelter များဟာ ၉၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီး ကျောက်ဖြူမြို့နယ် သဲတန်းကျေးရွာတွင် ဆောက်လုပ်လျက်ရှိတဲ့ Cyclone Shelter ဟာ ၅၀ ရာခိုင်နှုန်း၊ စစ်တွေမြို့နယ် သဲချောင်းကျေးရွာရှိ Cyclone Shelter မှာ ရာနှုန်းပြည့် ဆောက်လုပ်ပြီးပြီဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ရခိုင်ပြည်နယ်ဟာ ရေမြေသဘာဝအနေအထားအရ ပင်လယ်ကမ်းရိုး တန်းတစ်လျှောက်တွင်တည်ရှိပြီး ပင်လယ်ကမ်းရိုးတန်းအနီးတစ်ဝိုက်တွင် တောင်ကုန်းတောင်တန်းများ ထူထပ်စွာတည်ရှိနေခြင်းတို့ကြောင့် အရေးပေါ်အခြေအနေမှာ ရွှေ့ပြောင်းခိုလှုံနိုင်ရေးနေရာများ သတ်မှတ်ပြီးစီစဉ်ဆောင်ရွက်နိုင်ပါက မုန်တိုင်းဒဏ်မှ အထိုက်အလျောက်အကာအကွယ်ရရှိနိုင်မှာ ဖြစ်၍လည်းကောင်း ရခိုင်ပြည်နယ်အတွင်းတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနအနေဖြင့် မုန်တိုင်းအန္တရာယ်ကျရောက် လွယ်သောနေရာများ၌ Multipurpose Shelter နှစ်လုံး ဆောက်လုပ်ပေးခဲ့ပြီးပြီဖြစ်တဲ့အပြင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လည်း Cyclone

Shelter ၁၀ လုံးအား တည်ဆောက်ပေးလျက်ရှိပါသဖြင့် ယခုအခြေအနေတွင် Cyclone Shelter ၁၂ လုံး တည်ဆောက်ထားပြီးပြီဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ဘတ်ဂျက်မှာ လတ်တလောအနေဖြင့် လျာထားတောင်းခံထားခြင်းမရှိပါကြောင်းနှင့် နိုင်ငံခြားအကူအညီအထောက် အပံ့ကိုမရရှိပါက နိုင်ငံတော်ဘတ်ဂျက်ခွဲဝေရရှိမှုအပေါ် မူတည်ပြီး ဝန်ကြီးဌာနအနေဖြင့် တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ အခုလို ဝန်ကြီးရဲ့ဖြေသွားတဲ့အပေါ်မှာ ကျွန်တော့် အနေနဲ့ တစ်ဆက်တစပ်တည်းမေးခွန်း မေးခွင့်ပြုပါခင်ဗျာ။ အဲဒီအဖြေက ဒုတိယအကြိမ်ဖြေကြားတဲ့ အထဲမှာလည်း အဲဒီအဖြေပါပါတယ်။ အဲဒီတော့ ပထမအကြိမ်ဖြေကြားတဲ့အခါမှာ မုန်တိုင်းခံ အဆောက်အဦ ၂၅၁ လုံးကို ဦးစားပေးအစီအစဉ်အဖြစ် သတ်မှတ်ပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုတဲ့ အဖြေလေးပါပါတယ်။ ဒါပေမဲ့ အခုဟာက ဆယ်ဂဏန်းလောက်ပဲရှိတဲ့ဥစ္စာနဲ့ ကျွန်တော်တို့ ရခိုင် တစ်ပြည်နယ်လုံးမှာရှိတဲ့ ကုန်းမြင့်မရှိတဲ့ရွာပေါင်း ၃၀၀ ကျော်၊ ၄၀၀ လောက် ပတ်ဝန်းကျင်မှာရှိတဲ့ဟာ ကို ကျွန်တော်တို့ ဘယ်လိုမှ အကာအကွယ်မပြုနိုင်ပါဘူး။ အဲဒါကြောင့် အခုလည်း နိုင်ငံခြား အကူအညီရမယ်ဆိုတဲ့စကားပေါ်မှာ ဒါ ကျွန်တော် အရင်လည်း ပြောဖြစ်ပါတယ်။ နိုင်ငံခြားအကူအညီ ရမှ ကျွန်တော်တို့အသက်တွေ ရှင်ရတော့မလား။ နိုင်ငံတော်က ဒီလောက်သေရေးရှင်ရေးပြဿနာကို ဘာလို့ အဲဒီလို ပြီးစလွယ် ဖြစ်စလွယ် ကျွန်တော်တို့ကို အဖြေပေးနေရသလဲဆိုတဲ့အပေါ်မှာ ကျွန်တော့် အနေနဲ့ မေးချင်ပါတယ်။ နောက်တစ်ခု ကျန်တဲ့အဆောက်အဦတွေကို ဘယ်အချိန်ဆောက်လုပ်ပေး မယ်လို့ ကျွန်တော်မေးထားတဲ့မေးခွန်းကို မဖြေပါဘူး။ အလျဉ်းသင့်သလို လုပ်ပေးမယ်ဆိုတဲ့သဘော မျိုးဘဲ ဖြေပါတယ်။ အဲဒါကြောင့် အဲဒီအဖြေနဲ့ပတ်သက်ပြီးတော့ တိတိကျကျ ကျွန်တော်တို့အနေနဲ့ ဘယ်လိုအခက်အခဲကြောင့် မပေးနိုင်ဘူးလဲ။ နိုင်ငံတော်က ဘာကြောင့် ဒါအပေါ်မှာ မကူညီနိုင်တာ လဲ။ နိုင်ငံခြားအကူအညီရမှာ လုပ်ပေးမယ်ဆိုတာရော အဓိပ္ပာယ်ရှိရဲ့လား။ ကျွန်တော်တို့အတွက် အဖြေကောင်းလေးဖြစ်ရဲ့လားဆိုတာကို ထပ်ဆင့်ပြီး ကျွန်တော် မေးမြန်းလိုပါတယ်ခင်ဗျား။

**ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)**။ ။ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ပြည်ထောင်စုအစိုးရအဖွဲ့မှာရှိတဲ့ ဝန်ကြီး ဌာနအနေနဲ့ ပြည်ထောင်စုအစိုးရရဲ့ဘတ်ဂျက် ခွင့်ပြုချက်အတိုင်း ကျွန်မတို့ဝန်ကြီးဌာနအနေနဲ့ တင်ပြ တောင်းခံထားပါတယ်။ ယခု ရခိုင်ပြည်နယ်မှာ လိုအပ်နေတဲ့ Cyclone Shelter များကိုလည်း

ဘတ်ဂျက်အလိုက်မှာ ထည့်သွင်းပြီးတော့ တောင်းဆိုပါတယ်။ သို့သော်လည်းပဲ ဘတ်ဂျက်ရဲ့ခွင့်ပြုချက် အရသာ ရရှိတဲ့အပေါ်မှာ ကျွန်မတို့ ပြည်ထောင်စုအဆင့်အနေနဲ့သော်လည်းကောင်း၊ တိုင်းဒေသကြီး နှင့် ပြည်နယ်မှာရှိတဲ့ ရခိုင်ပြည်နယ်အစိုးရအနေနဲ့သော်လည်းကောင်း အစိုးရအဖွဲ့ကနေ တောင်းဆို ချက်အတိုင်း ထိုက်လျောက်တဲ့လုပ်ငန်းစဉ်များအတိုင်း ထည့်သွင်းပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါ တယ်။ နိုင်ငံခြားအကူအညီအထောက်အပံ့သည် ၎င်းတို့ပေးနိုင်တဲ့အချိန်မှသာ ကျွန်မတို့ ရရှိနိုင်မှာ ဖြစ်တဲ့အတွက် နိုင်ငံရဲ့ဘတ်ဂျက်အပေါ်မှာ၊ ရရှိတဲ့အပေါ်မှာ ဦးစားပေးပြီး ဆောင်ရွက်သွားတာ ဖြစ်ပါ တယ်။ ရခိုင်ပြည်နယ်သည် အခုနက ကျွန်မပြောခဲ့သလိုပဲ တောင်ကုန်းတောင်းတန်းတွေများစွာရှိသေး တာဖြစ်နေပါသေးတယ်။ အထိုက်အလျောက် ကျွန်မတို့ အကာအကွယ်ယူနိုင်ပါသေးတယ်။ တချို့ ကျွန်မတို့ မြေပြန့်မှာရှိတဲ့ တိုင်းနဲ့ ပြည်နယ်မှာရှိတဲ့ နေရာတွေသည် မုန်တိုင်းဒဏ်ဖြစ်ပေါ်လာပါက တောင်ကုန်းအကာအကွယ်တွေမရှိတဲ့နေရာမှာ ပိုပြီးတော့ ဆိုးရွားတဲ့နေရာတွေမှာတောင် အပြည့်အဝ Cyclone Shelter တွေကို ဆောက်လုပ်ပေးနိုင်ခြင်းမရှိသေးပါဘူး။ ဒီလိုပဲ ဘတ်ဂျက်အလိုက်မှာ ရရှိ တဲ့အပေါ်မှာ ၁၀ လုံးရရင် ၁၀ လုံး၊ ၅ လုံးရရင် ၅ လုံးအတိုင်းပဲ ထိုက်သင့်တဲ့အလျောက် သွားနေရတာ ဖြစ်ပါတယ်။ နောက် ကျွန်မတို့ ဝန်ကြီးဌာနအနေနဲ့ ဘတ်ဂျက်ခွဲဝေမှုပေါ်မှာ ကျွန်မတို့ဟာ နည်းပါးစွာပဲ ရရှိတဲ့ဝန်ကြီးဌာနဖြစ်တဲ့အတွက် တောင်းခံသော်လည်းပဲ ဘတ်ဂျက်ရဲ့အတိုင်းအတာအရအတိုင်းပဲ ကျွန်မတို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ ကျွန်မတို့ ပြည်သူပြည်သားများအတွက်ကိုလည်း ကျွန်မတို့တွေဟာ တကယ်လိုအပ်နေတယ်ဆိုတာလည်း ကျွန်မ တို့ နားလည်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်ရဲ့ဘတ်ဂျက်ရဲ့ အတိုင်းအတာအတိုင်း သွားနေရတဲ့ အပေါ်မှာ ယခုလို အခက်အခဲလေးများ ကြုံတွေ့နေတာကို ပြည်သူတွေအနေနဲ့သော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့လည်းကောင်း နားလည်ပေးလိမ့်မယ်လို့ ကျွန်မတို့ မျှော်လင့်ပါ တယ်။ ယခု ဆက်ပြီးတော့လည်း လာမယ့်ဘတ်ဂျက်အလိုက်အတိုင်းမှာလည်း လိုအပ်နေတဲ့နေရာတွေ အတိုင်းမှာ Cyclone Shelter တွေကို ထပ်ဆင့်ပြီးတော့ ထည့်သွင်းပြီးတော့ စီမံကိန်းမှာ ရေးဆွဲထား ပါတယ်အကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရသေ့တောင်မြို့နယ်(ရေမျက်) အခြေခံပညာမူလတန်း(လွန်)ကျောင်းအား ၂၀၁၅-၂၀၁၆ ခု ပညာသင် နှစ်တွင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ကျင်းပ တဲ့အစည်းအဝေးမှာ ၂၀၁၅ ခုနှစ် မတ်လအတွင်းက မေးခဲ့တဲ့မေးခွန်းဖြစ်ပါတယ်။ ယခုအခါမှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဇွန်လအတွင်းမှာပဲ ရသေ့တောင်မြို့နယ်(ရေမျက်) အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပေးထားပြီဖြစ်ကြောင်း သိရှိရတဲ့အတွက် မဲဆန္ဒရှင် ပြည်သူများကိုယ်စား ကျွန်မအနေဖြင့် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒုတိယမေးခွန်းတစ်ခုကတော့ ကျောင်းအဆင့်တိုးချဲ့ဖွင့်လှစ်ရရှိရေးအား နှစ်စဉ်နှစ်တိုင်း ကျေးရွာများမှ အဆိုပြုလွှာစာအုပ် တင်ပြနေရခြင်းမှာ ငွေကုန်ကြေးကျများပါသဖြင့် တစ်နှစ်လျှောက်ထားပြီးပါက ခွင့်ပြုချက်မရမချင်း ၎င်းအမှုတွဲစာအုပ်များကို နှစ်စဉ်နှစ်တိုင်း ထည့်သွင်းစဉ်းစားပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင်က ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ ကျောင်းအဆင့်တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရေးအား နှစ်စဉ်နှစ်တိုင်းကျေးရွာများမှ အဆိုပြုလွှာစာအုပ်တင်ပြနေရခြင်းမှ ငွေကုန်ကြေးကျများသဖြင့် တစ်နှစ်လျှောက်ထားတင်ပြီးပါက ခွင့်ပြုချက်မရမချင်း နှစ်စဉ်နှစ်တိုင်း ထည့်သွင်းစဉ်းစားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိရန်အတွက် အမှုတွဲတင်ပြခြင်းနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာကျောင်းများမှ အဆင့်တိုးမြှင့်ရန် အမှုတွဲအား နှစ်စဉ်နှစ်တိုင်းတင်ပြရန် မလိုအပ်ပါ။ ပထမအကြိမ် အမှုတွဲတင်ပြထားပြီး ပါဝင်မှုမရှိသေးပါက ဒုတိယအကြိမ်မှာလည်း သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးက အဲဒီကျောင်းက ပြောင်းလဲသွားတဲ့ အခြေအနေများကိုသာ ထပ်မံတောင်းခံပြီးတော့ ကျောင်းအဆင့်တိုး တန်းစီဇယားမှာ ထည့်သွင်းစိစစ်

ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပေါက်မြို့နယ်အတွင်းရှိ အမှန်တကယ်လိုအပ်၍ ကျောင်းဆောင်သစ်များအဖြစ် ဆောက်လုပ်ဆောင်ရွက်ပေးရန် လိုအပ်သည့် ကျောင်း(၅)ကျောင်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)။** ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးကဏ္ဍ၊ ပညာရေးဝန်ကြီးဌာနနှင့် ပတ်သက်သည့် မေးခွန်းအားမေးမြန်းသွားမှာ ဖြစ်ပါတယ်။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် ဆောင်ရွက်ပေးသွားလျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ နိုင်ငံတော်ရဲ့ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ပညာရေးဝန်ကြီးဌာနတို့ကလည်း ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်နေရပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်ပေးနေမှုများရှိသော်လည်း မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအချို့တို့မှာ ယိုယွင်းပျက်စီးနေပြီး ကျောင်းသားဦးရေ၊ ဆရာဆရာမများအတွက် အန္တရာယ်ကျရောက်စေနိုင်၍လည်းကောင်း၊ ကျောင်းသားနှင့် ကျောင်းသားဦးရေ စာသင်ဆောင်မျှတမှုမရှိ၍လည်းကောင်း၊ ကျောင်းဆောင်အသစ်များ ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ဒီလိုလိုအပ်မှုများကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးနေသော်လည်း လိုအပ်နေသည့် ကျောင်းအချို့ရှိနေပါတယ်။ ဒါ့ကြောင့် ပေါက်မြို့နယ်အတွင်းရှိ ကျောင်းဆောင်အသစ်များ ဆောက်လုပ်ပေးရန် လိုအပ်နေသည့် အ.ထ.က(ခွဲ) အ.ထ.က (၁၃)ကျောင်း ၁၂၀ x ၃၀ ပေ၊ အ.လ.က သရက်တောကျောင်း ၁၂၀ x ၃၀ ပေ၊ မူလွန်ဇီးတောတောင်ကျောင်း ၉၀ x ၃၀ ပေ၊ အ.မ.က သဲတော်ရွာမြောင်းစုကျောင်း ၉၀ x ၃၀ ပေ၊ အ.မ.က စပါးမျှောကျောင်း ၆၀ x ၃၀ ပေတို့ဖြစ်ပြီး အဆိုပါ ကျောင်းများအတွက် ကျောင်းဆောင်အသစ်များ ဆောက်လုပ်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အတူ ပညာရေးဝန်ကြီးဌာနသို့ တင်ပြထားသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။

မူကြမ်း

သို့ဖြစ်ပါ၍ အထက်ပါဖော်ပြခဲ့သော ပေါက်မြို့နယ်အတွင်းရှိ အမှန်တကယ်လိုအပ်၍ ကျောင်းဆောင်အသစ်များဖြင့် ဆောက်လုပ်ဆောင်ရွက်ပေးရန် လိုအပ်နေသည့် ကျောင်း(၅)ကျောင်း အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ ဖြည့်စွက်ရန်ပုံငွေစာရင်းတွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက မည်သည့်နှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိလို၍ ဖြေကြားပေးနိုင်ပါရန် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက် ပြီးတော့ ကျွန်တော်ကပဲ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုရဲ့ ပေါက်မြို့နယ်အတွင်း အမှန်တကယ်လိုအပ်၍ ကျောင်းဆောင်သစ်များအဖြစ် ဆောက်လုပ်ဆောင်ရွက်ပေးရန် လိုအပ်သည့် ကျောင်း(၅)ကျောင်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရဲ့ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေစာရင်းမှာ ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မကွေးတိုင်း ဒေသကြီး၊ ပေါက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှာ ကျောင်းဆောင်များ ဆောက်လုပ်ရန် အတွက် မြို့နယ်တွင်ဦးစားပေးအစီအစဉ် ကျောင်းအလိုက်အခြေခံပညာကျောင်း(၁၈)ကျောင်း အတွက် ရန်ပုံငွေကျပ် ၅၄၀ သန်းအား ခွဲဝေပေးခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒါအပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ရန်ပုံငွေ တောင်းခံမှုများကိုလည်း သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် အညီ တင်ပြတောင်းခံခဲ့ပါတယ်။ ထိုသို့ ဆောင်းခံခဲ့သော်လည်း ခွင့်ပြုချက်ရရှိခဲ့ခြင်းမရှိပါသဖြင့် ယခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဖွံ့ဖြိုးမှုနောက်ကျသော ဝေးလံခက်ခဲဒေသများ၏ ပညာရေး(အရည်အသွေး)နိမ့်ကျနေမှုကို ဖွံ့ဖြိုးပြီး ဒေသများနှင့် ကွာဟချက်နည်းပါးစေရေး မည်သို့မြှင့်တင်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

မူကြမ်း

**ဒုတိယဥက္ကဋ္ဌ။** ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းနွံ(ရှားတောမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံ ဖြစ်ပါတယ်။ ယနေ့ ပညာရေးကဏ္ဍမှာ ပညာရည်မြင့်မားဖို့အတွက် ဘက်စုံထောက်စုံက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ဝေးလံခက်ခဲတဲ့ ဒေသတွေများမှာလည်း ထိုသို့သော မြှင့်တင်ဖြည့်ဆည်းပေးမှုများကို အထိုက်အလျောက်ရရှိခံစားရပါတယ်။ သို့သော်လည်း ဝေးလံခက်ခဲပြီး အစဉ်အဆက်ဖွံ့ဖြိုးမှုနောက်ကျနေခဲ့တဲ့အတွက် ကျောင်းမရှိသောရွာများရှိနေသေးခြင်း၊ အချို့ရွာများမှာ ကိုယ်ထူကိုယ်ထဖြင့် ဆရာငှားရမ်းသင်ကြားနေရခြင်း၊ မူလတန်းအဆင့်ပြီးဆုံးပြီး အလယ်တန်းသို့တက်ရောက်ရန် အခက်အခဲများရှိနေသေးခြင်း၊ အထက်တန်းသို့တက်ရောက်နိုင်သူများအတွက်လည်း ပြီးဆုံးအောင်မြင်သူနည်းပါးနေခြင်း၊ စာမေးပွဲအောင်သော်လည်း အမှတ်နည်းသဖြင့် အဆင့်မြင့်ပညာသို့ တက်လမ်းနိုင်သူအလွန်နည်းပါးနေသေးခြင်း စသည်တို့မှာ ဝေးလံခက်ခဲသော နယ်စွန်နယ်ဖျားဒေသများရဲ့ ပညာရေးနိမ့်ကျနေမှုအခြေအနေများပဲ ဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးဒေသများနဲ့ အရည်အသွေးကွာဟချက်များနေခြင်းကြောင့် သင်တန်းဝင်ခွင့်လျှောက်ထားခြင်း၊ အလုပ်အကိုင်လျှောက်ထားခြင်းတို့တွင်လည်း ရမှတ်ကန့်သတ်ချက်အရလည်းကောင်း၊ ဖွံ့ဖြိုးပြီးဒေသများမှ လာရောက်လျှောက်ထားသူများနှင့် မယှဉ်နိုင်၍လည်းကောင်း၊ အလုပ်အကိုင်ရရှိရန်ခက်ခဲပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးနေဆဲ ဖြစ်ပါတယ်။ ထိုသို့သော ပညာရေးကွာဟချက်များနေရခြင်းအကြောင်းအရင်းများကို လေ့လာစိစစ်သုံးသပ်ပြီး အထူးကိစ္စတစ်ရပ်အနေဖြင့် အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးမှသာ နိမ့်ကျနေသော ဝေးလံခေါင်သီခက်ခဲဒေသများရဲ့ ပညာရေးအရည်အသွေးဟာ မြင့်မားလာပြီး ဖွံ့ဖြိုးပြီးဒေသများနဲ့ ကွာဟချက်များ လျော့နည်းသွားမယ်လို့ ယုံကြည်ပါတယ်။ သို့ပါ၍ ဖွံ့ဖြိုးမှုနောက်ကျနေသေးသော ဝေးလံခက်ခဲဒေသများရဲ့ ပညာရေးကို ဖွံ့ဖြိုးပြီးဒေသများနဲ့ ကွာဟချက်နည်းနိုင်သမျှနည်းပါးစေရေးအတွက် မည်သို့မြှင့်တင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံရဲ့ ဖွံ့ဖြိုးမှုနောက်ကျသော ဝေးလံခက်ခဲဒေသများ၏ ပညာရေး (အရည်အသွေး) နိမ့်ကျနေမှုကို ဖွံ့ဖြိုးပြီးဒေသများနှင့် ကွာဟချက်နည်းပါးစေရေး မည်သို့မြှင့်တင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို ပြည့်ပြည့်စုံစုံဖြေကြားနိုင်ဖို့အတွက် ကျွန်တော့်ကို ဖြေကြားချိန်အနည်းငယ် တိုးမြှင့်ပေးပါရန် ခွင့်တောင်းအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးလို့ပြောရင် အဓိကအားဖြင့်တော့ အခြေခံပညာအသက်မွေးပညာလည်းပါပါတယ်။ ဒါ့အပြင် မူကြိုကအစ ဘဝတစ်သက်တာသင်ယူမှုထိပါတဲ့အတွက် ကျယ်ပြန့်ပါတယ်။ အဲ့ဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ကဏ္ဍအလိုက်လေးများ ခွဲခြားပြီးတင်ပြသွားမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကဏ္ဍမှာကျောင်းနေအရွယ်ကလေးတိုင်း အရည်သွေးမီပညာရေးကို သင်ယူခွင့်ရရှိပြီးတော့ အခြေခံပညာအဆင့်အလိုက် ပြီးမြောက်စေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုကြိုးပမ်းဆောင်ရွက်ရာမှာ အခြေခံပညာကဏ္ဍအတွက် သင်ယူမှုအခွင့်အလမ်းများ ပိုမိုတိုးတက်စေရေးအတွက် ကျောင်းတွေမရှိတဲ့ ကျေးရွာများမှာ ကျောင်းသစ်များကို ဖွင့်လှစ်ပေးခြင်း၊ ကျောင်းများကို အဆင့်တိုးမြှင့်ပေးခြင်း၊ ဒါကလည်း သက်ဆိုင်ရာ ရွာများမှာပဲ ဆက်လက်ပြီးတော့ ပညာသင်ယူခွင့် အခွင့်အလမ်းရအောင် မူလတန်းကနေ မူလတန်းလွန်၊ မူလတန်းလွန်ကနေ အလယ်တန်းစသည်ဖြင့် ဒီလိုမျိုးမြှင့်တင်ပေးခြင်းကို တင်ပြလိုခြင်းဖြစ်ပါတယ်။ မူလတန်းအလွန်တန်းများလည်း သင်ကြားနိုင်ဖို့အတွက် မူလတန်းလွန်ကျောင်းများ ဖွင့်လှစ်ခွင့်ပြုခြင်းကိုလည်း စံသတ်မှတ်ချက်များ၊ မူဝါဒများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဲ့ဒီအပြင် အခြေခံပညာမှာလည်း သင်ကြားမှုအရည်အသွေးမြင့်မားစေရန်အတွက် အခြေခံပညာမူလတန်းကျောင်းတိုင်းမှာ ကျောင်းအုပ်တစ်ဦးနှင့် ဆရာဆရာမ လေးဦးခန့်ထားရေး မူဝါဒ ချမှတ်၍ ခန့်ထားပေးခြင်းဖြင့် ကျေးလက်မြို့ပြကွာဟမှုမရှိဘဲ ဆရာဆရာမ ပြည့်စုံလုံလောက်အောင်ဖြည့်ဆည်းခန့်ထားပေးလျက်ရှိပါတယ်။ ဒါကလည်း အခြေခံမူလတန်းကျောင်းတွေမှာကြည့်ရင် သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်းကိုကြည့်ရင် တန်းခွဲ ၄ ခုရှိမှာကို

တွေ့မှာပါ။ ဒါကြောင့်မို့လို့ တစ်တန်းကိုအနည်းဆုံး တစ်ယောက်ရှိအောင် မူဝါဒချမှတ်ပြီး ကျောင်းအုပ်ဆရာမကြီးအပါအဝင် ငါးဦးခန့်ထားရေး မူဝါဒနှင့် ကျေးလက်မြို့ပြကွာခြားချက်မရှိဘဲနဲ့ ခန့်အပ်ထားခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဲ့ဒီလိုပဲ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းပညာအဆင့်မှာလည်း လစ်လပ်လျက်ရှိတဲ့ ဆရာဆရာမများကိုလည်း သတ်မှတ်တဲ့အရည်အချင်း၊ ဘာသာရပ်နှင့်ကိုက်ညီသူများအား ဖြည့်ဆည်းခန့်ထားပေးလျက်ရှိပါတယ်။ ခန့်ထားပေးတဲ့ လူများကိုလည်း အရည်အသွေးပြည့်မီအောင် မွမ်းမံသင်တန်းများလည်း နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဖွံ့ဖြိုးမှုနောက်ကျပြီးတော့ ဝေးလံခက်ခဲတဲ့ ဒေသများရဲ့ ပညာရေးကို ဖွံ့ဖြိုးရေးဒေသများနှင့် ကွာဟချက်နည်းပါးစေရေးအတွက် အထက်ဖော်ပြပါ ဆောင်ရွက်မှုများအပြင် အခြားသင်ယူမှု အခွင့်အလမ်းမြင့်မားစေရေးနှင့် အခြေခံပညာအရည်အသွေးမြင့်မားရေးလုပ်ငန်းများကို နိုင်ငံတော်မှ ချမှတ်ထားတဲ့ နှစ်ရှည်၊ နှစ်တိုစီမံကိန်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီလိုစီမံကိန်းတွေထဲမှာ လူတိုင်းအတွက် ပညာရေးစီမံကိန်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့စီမံကိန်းများ၊ ကျောင်းနေအရွယ် ကလေးများနေနိုင်ဖို့အတွက် ကျောင်းထောက်ပံ့ကြေးပေးတဲ့ စီမံကိန်းများ၊ ပညာသင်ထောက်ပံ့ကြေးပေးတဲ့ စီမံကိန်းများ၊ ဖွံ့ဖြိုးမှုနောက်ကျပြီးတော့ ဝေးလံခက်ခဲတဲ့ဒေသများမှာ မြို့နယ်များမှာပိုပြီးတော့ အဲ့ဒီစီမံကိန်းတွေကို အလေးထားဆောင်ရွက်လျက်ရှိတဲ့စီမံကိန်းများဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကနေ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အထိ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်သွားရန် စီစဉ်လျက်ရှိပြီးတော့ အဆိုပါစီမံကိန်းအားလုံးဟာ ပညာရေးကဏ္ဍအားလုံးကို လွှမ်းခြုံစေမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျပြီး ဝေးလံခက်ခဲသောဒေသများရဲ့ပညာရေးကို ဖွံ့ဖြိုးပြီးဒေသများနှင့် ကွာဟချက်နည်းပါးစေရေးအတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအရလည်းကောင်း၊ ၂၀၃၀ ခုနှစ် ကမ္ဘာ့ပညာရေးမျှော်မှန်းချက်အရ အရည်အသွေးရှိတဲ့ပညာရေးကို လူတိုင်းအကျုံးဝင်ပြီး တန်းတူညီမျှမှုရှိစွာသင်ယူခွင့်ရရှိစေရန်နှင့်အားလုံးအတွက် ဘဝတစ်သက်တာသင်ယူခွင့်ရရှိစေရန်လည်းကောင်း ဆက်လက်ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

မူကြမ်း

ဆက်လက်ပြီးတော့ အဆင့်မြင့်ပညာကဏ္ဍမှာလည်း အကြောင်းအမျိုးမျိုးကြောင့် နေ့သင်တန်း မတက်ရောက်နိုင်တဲ့ ကျောင်းသားကျောင်းသူများကို မိမိဒေသ၊ မိမိအလုပ်ခွင်မပျက် ပညာသင်ယူခွင့် ရရှိစေရန်၊ အဆင့်မြင့်ပညာရပ်များကို တစ်နိုင်ငံလုံးနယ်စပ်ဒေသများပါမကျန် သင်ယူနိုင်ရန် ရည်ရွယ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ တက္ကသိုလ်များမှာ အဝေးသင်ဌာနခွဲများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါတယ်။ အဝေးသင်တက္ကသိုလ်ဟုဆိုသော်လည်းပဲ နိုင်ငံတကာအဝေးသင် တက္ကသိုလ်များမှာ သင်ကြားပို့ချတဲ့ နည်းစနစ်များအတိုင်း ပြဋ္ဌာန်းစာအုပ်များ၊ လေ့လာမှုလမ်းညွှန် စာအုပ်များ၊ စာစဉ်များအစရှိတဲ့ ပုံနှိပ်မှတ်တမ်းများ၊ သင်ခန်းစာပို့ချချက် စီဒီ၊ ဗွီစီဒီ၊ ဒီဗွီဒီများ ဖြန့်ဝေ ပေးလျက်ရှိပါတယ်။

သင်ခန်းစာပို့ချချက်များကို Sky Net ရုပ်သံလိုင်းမှ နေ့စဉ်ထုတ်လွှင့်ပြသပေးခြင်း၊ ရန်ကုန် အဝေးသင်တက္ကသိုလ်ရဲ့ Website ဖြစ်သော www.yude.edu.mm မှာလည်း ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှစပြီးတော့ (၂၄)နာရီအခမဲ့ ထုတ်လွှင့်ပြသပေးလျက်ရှိခြင်း၊ သင်ခန်းစာပို့ချချက်များ အားလုံးကိုလည်း Website ကနေပြီးတော့ လွယ်ကူစွာ download လုပ်ပြီးတော့ လေ့လာနိုင်ရန် စီစဉ်ထားပေးခြင်း၊ Blended Teaching Learning System တို့ဖြင့် အီလက်ထရောနစ် နည်းပညာရပ်များကိုပါ ပေါင်းစပ်သင်ကြားပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ ပါတယ်။ အဲ့ဒါအပြင် ပညာရေးကဏ္ဍမှာ ပညာရည်မြင့်မားရေးအတွက် ဘက်စုံထောက်စုံမှဖြည့်ဆည်း ဆောင်ရွက်လျက် ရှိပြီးတော့ ကောလိပ်များ၊ ဒီဂရီကောလိပ်များကို တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီးတော့ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များကိုလည်း တိုးမြှင့်သင်ကြားပေးခြင်း၊ ပါရဂူဘွဲ့ရသင်ကြားရေးဆရာ၊ ဆရာမများ အင်အား ပြည့် ဖြည့်ဆည်းပေးခြင်း၊ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးခြင်း၊ နေ့သင်တန်းများ လည်းတက်ရောက်သင်ယူနိုင်စေခြင်းဖြင့် ဖွံ့ဖြိုးမှုနောက်ကျပြီး ဝေးလံခက်ခဲသောဒေသများ၏ ပညာရေးကို ဖွံ့ဖြိုးပြီးဒေသများနှင့် ကွာဟချက်နည်းပါးစေရေးအတွက် အလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါ်နန်းနွံ(ရှားတောမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းလည်း မေးခွင့်ပြုပါရှင်။ ဝန်ကြီး ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ဝမ်းသာမိပါတယ်။ အနည်းငယ်ထပ်ပြီးတော့ မေးမြန်းလိုတာကတော့ ကျွန်မတို့ ပညာရေးတိုးတက်ဖို့ဟာအားလုံး ဝိုင်းဝမ်းကြိုးပမ်းကြရမယ်ဆိုတာ လည်း နားလည်ပါတယ်။ သို့သော်လည်း ကျွန်မတို့ဒေသမှာရှိတဲ့အတွက် အခက်အခဲကတော့ ရှိပါ သေးတယ်။ ဥပမာဆိုရင် ဒီတစ်မြို့နယ်လုံးမှာ တစ်ကျောင်းထဲရှိတဲ့ အ.ထ.က ရှားတော့မှာ ဒီ သိပ္ပံခန်း

ကိုလည်း လက်တွေ့အသုံးချနိုင်တဲ့အထိ ပြည့်ပြည့်စုံစုံမရှိသေးပါဘူး။ မီဒီယာအခန်းဆိုလို့ရှိရင်လည်း ကျွန်မတို့ ကလေးတွေဟာ ခုနက ဝန်ကြီးပြောသလိုပဲ ဒီကြားခံမီဒီယာတွေအသုံးပြုပြီးတော့ Sky Net ကတိုက်ရိုက်ထုတ်လွှင့်တဲ့ သင်ခန်းစာထုတ်လွှင့်မှုအစီအစဉ်တွေကိုလည်း ကြည့်စေချင်ပါတယ်။ ဒါပေမယ့် ကလေးတစ်ဦးချင်းစီမှာ ဒီလိုကြည့်နိုင်ဖို့ လက်လှမ်းမမီနိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ အဲ့ဒါကိုလည်း စီစဉ်ပေးနိုင်မယ်ဆိုလို့ရှိရင် အများကြည့်ရှုဖို့အတွက် စီစဉ်ပေးစေလိုပါတယ်။ နောက်ပြီးတော့ ဘာသာပြဆရာဆရာမများအနေနဲ့ဆိုလို့ရှိရင်လည်း ကျွန်မတို့ဒေသဟာခက်ခဲတဲ့ ဒေသဆိုပြီးတော့မှ လာရောက်တာဝန်ထမ်းဆောင်တဲ့လူတွေဟာ တစ်နှစ်၊ နှစ်နှစ်ထက်ပို၍ မနေနိုင်ကြပါဘူး။ အများအားဖြင့် တစ်နှစ်လောက်ပဲနေပြီးတော့ ပြောင်းသွားကြတော့ ကလေးတွေဟာ အစမ်းသပ်ခံလိုမျိုးဖြစ်နေပါတယ်။ ရာထူးတိုးခါစရောက်လာပြီးတော့မှ လာရောက်သင်ကြားတယ်။ ကျွမ်းကျင်သွားတဲ့အခါမှာကျတော့ အဲ့ဒီဘာသာရပ် ကျွမ်းကျင်ဆရာဆရာမများတွေဟာ ပြောင်းသွားတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ဒေသဟာ ဒီလိုအားနည်းချက်ဟာ အမြဲတမ်းပဲ ရှိနေပါသေးတယ်။ နောက်ပြီးတော့ နောက်ဆုံးတစ်ချက်အနေနဲ့တော့ အတန်းကူးပြောင်းနှုန်း မြင့်မားစေချင်တဲ့အတွက်ကြောင့်မို့လို့ ကျောင်းဖွင့်လှစ်ပေးတာရော နောက်ပြီးတော့ ကျောင်းအဆင့်တိုးမြှင့်ပေးတာရော ဆောင်ရွက်တဲ့အခါမှာသတ်မှတ်ချက်မှုတွေကို လျှော့ပေါ့ပြီးတော့မှ ဒီဝေးလံခက်ခဲတဲ့ဒေသအတွက် အထူးအစီအစဉ်အနေနဲ့ နည်းနည်းစဉ်းစားပေးဖို့ကိုလည်း တင်ပြချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းနွံရဲ့ ထပ်ဆင့်မေးခွန်းကို စိစစ်ကြည့်မယ်ဆိုရင် သုံးပိုင်းရှိတာတွေ့ရမှာပါ။ တစ်ပိုင်းကတော့ ကျွန်တော်တို့ Team Sible လို့ခေါ်တဲ့ Infrastructuer တွေဖြည့်ဆည်းပေးဖို့ ဖြစ်ပါတယ်။ အဲ့ဒီမှာလည်း အဓိကထားပြောသွားတာကတော့ လက်တွေ့သိပ္ပံအခန်းတွေ၊ မီဒီယာအခန်းတွေ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် မေးခွန်းထပ်ဆင့်မေးသွားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ ဒီနေရာမှာ အလျဉ်းသင့်လို့တင်ပြရရင် ဒါတွေဟာ ဘဏ္ဍာရေးရသုံးမှန်းခြေခွင့်ပြုချက်အပေါ်မှာ မူတည်ပါတယ်။ အဲ့ဒီမူတည်ချက်ကိုလည်း ကျွန်တော်တို့က လျာထားတဲ့အခါမှာ ဘဏ္ဍာရေးငွေစာရင်းခေါင်းစဉ်အရ ကျွန်တော်တို့ သင်ထောက်ကူပစ္စည်းဆိုတာ သီးခြားမရှိပါဘူး။ သို့သော်လည်းပဲ ပညာရေးဝန်ကြီးဌာနအနေနဲ့တော့ ခုနက ဒေါ်နန်းနွံတို့ ပြည်သူများရဲ့တင်ပြချက်ကိုအလေးထားပြီးတော့ သင်ထောက်ကူပစ္စည်း ကိုတော့ ဘယ်လိုဆွဲမယ်။ တင်ပြလိုခြင်းကတော့ ကျွန်တော်တို့ လိုချင်တဲ့ တင်ပြတဲ့ခေါင်းစဉ်နဲ့ ဘဏ္ဍာရေး

ခေါင်းစဉ်တွေဟာ တိုက်ရိုက်ကိုက်ညီဖို့မလွယ်ပါဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့က ကဏ္ဍအလိုက် သိပ္ပံခန်းတွေထည့်မယ်ဆိုရင် ခုနက ဓာတုဗေဒနဲ့ပတ်သက်တဲ့ ပစ္စည်းတွေဝယ်ရမှာလား။ ဒါတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က သင်ထောက်ကူပစ္စည်းဆိုပြီး သီးခြားကျွန်တော်တို့ အခုလာမည့်နှစ်မှာ တင်ပို့ရှိပါတယ်။ သို့သော်လည်းပဲ ငွေစာရင်းခေါင်းစဉ်တင်တဲ့အခါမှာတော့ ကျွန်တော်တို့က ငွေလုံး ငွေရင်းခေါင်းစဉ်မှာဆိုရင်လဲ နှစ်မျိုးပဲရှိပါတယ်။ စက်ပစ္စည်းနဲ့ ဆောက်လုပ်ရေးဆိုတဲ့အတွက် စက်ပစ္စည်းခေါင်းစဉ်အောက်မှာ ဝင်သွားမှာပါ။ အဲ့ဒီအတွက်လည်း အကယ်၍ သူတို့ရဲ့ ကျွန်တော်တို့ ခွင့်ပြုရန်ပုံငွေဆိုလို့ရှိရင်လည်း ဒါကတော့သင်ထောက်ကူပစ္စည်းတွေဝယ်ပါ။ ဒါတွေကတော့ လိုအပ်ပါတယ်။ ကျွန်တော်တို့ ဒီလိုရှင်းပြပြီးတော့ ပါဝင်နိုင်ရေးကိုလည်း ဆောင်ရွက်သွားဖို့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ လက်တွေ့ သိပ္ပံခန်းတင်မကပါဘူး။ မီဒီယာခန်းတွေပါ ပါပါတယ်။ ဆိုလိုတာကတော့ သင်ထောက်ကူပစ္စည်း အတွက် Total Budget ကြီးရဲ့ ဘယ်လောက်ရာခိုင်နှုန်း ကျွန်တော်တို့ သုံးထားပါတယ်ဆိုတဲ့ မျှော်မှန်း ချက်တွေထားပြီးတော့ ဒါလျာထားဆောင်ရွက်သွားပေးဖို့ ရှိပါတယ်။ ဒါလေးတစ်ခု ပြန်လည်ဖြေကြား လိုပါတယ်။ ဒါကြောင့် စီစဉ်ပေးနိုင်မလားဆိုတဲ့မေးခွန်းကိုတော့ ကျွန်တော်တို့ကတော့ ဘဏ္ဍာရေးမှာ ထည့်သွင်းပြီးတော့ စီစဉ်ဆောင်ရွက်ပေးသွားပါတယ်။ အဲဒီအခါ မှာလည်း လျာထားချက်က သင်ထောက်ကူပစ္စည်းကတစ်ခု ကျွန်တော်တို့က ဆောက်လုပ်ရေးဆိုရင် တောင်မှ ဆောက်လုပ်ရေးတစ်ခုတည်းနဲ့မကဘူး။ သူ့ရဲ့စာသင်ခုံတွေ၊ သန့်စင်ခန်းတွေ တစ်ပါတည်း ပါအောင်လို့ ကျွန်တော်တို့ အစီအမံများချမှတ်ပြီးတော့ ရေးဆွဲလျက်ရှိပါတယ်ဆိုတာလေး ကျွန်တော့် အနေနဲ့ တင်ပြလိုခြင်းဖြစ်ပါတယ်။ နောက် ဘာသာရပ်ဆရာဆရာမများ လိုအပ်ချက် အထူးသဖြင့် တော့ ပြည်နယ်တွေမှာလိုအပ်တယ်။ ပြည်နယ်တွေတွင် မကပါဘူး။ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များမှာပါ လိုအပ်လျက်ရှိပါတယ်။ အထူးသဖြင့်တော့ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ ဒီ ဘာသာရပ်ဆိုတာ သူ့ရဲ့ဘာသာရပ်ကိုက်ညီတဲ့ဆရာဆရာမများကို ခန့်ထားရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ နည်းလမ်းများစွာနဲ့ မွေးထုတ်ပြီးတော့ ဖြည့်ဆည်းဖို့ဆောင်ရွက်လျက်ရှိပါတယ်။ (၁) အချက်ကတော့ ပညာရေးကောလိပ်တွေရှိပါတယ်။ အဲဒီပညာရေးကောလိပ်တွေမှာလည်း ကျွန်တော် တို့က အရင်တုန်းကတော့ ညကျောင်းသားလို့ခေါ်တဲ့ သင်တန်းသားများပဲလက်ခံပြီးတော့ ဒီနှစ်ကစပြီး တော့ ကျွန်တော်တို့က ဆရာဆရာမလိုအပ်ချက်ကို အရည်အသွေးပြည့်မီတဲ့ ဆရာဆရာမလိုအပ်ချက် တွေလည်း ဖြည့်ဆည်းနိုင်အောင် နေ့ကျောင်းသားတွေပါ ကျွန်တော်တို့က ဖြည့်ဆည်းပြီးတော့

နေ့သင်တန်းသားတွေပါ ဖြည့်စွက်ပြီးတော့ ခေါ်ယူပါတယ်။ အရင်က ၅၀၀ ဆိုရင် အခု ၁၀၀၀ ခေါ်နိုင်တဲ့အနေအထားပါ။ ဒါဟာလည်း လက်ရှိလိုအပ်နေတဲ့အခြေအနေပေါ် မူတည်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုပဲ ဆရာဆရာမများဆောင်ရွက်ရာမှာလည်း ကျွန်တော်တို့က အင်အားတွေရှိအောင် ယခင်တုန်းက ထောက်ပံ့ကြေးငွေဟာ ၃၀၀၀ လောက်ကနေစတာ အခုချိန်မှာတော့ ကျွန်တော်တို့ ၃၀၀၀၀ အထိပေးနိုင်အောင် ပညာရေးကောလိပ် လာတက်တဲ့ဆရာဆရာမများရဲ့ ထောက်ပံ့ကြေး ၃၀၀၀၀ ကျွန်တော် တို့ပေးနိုင်အောင် စီမံဆောင်ရွက်လျက်ရှိပြီးတော့ အဲဒီဆရာဆရာမတွေက ထွက်လာတဲ့ဆရာဆရာမ တွေအားလုံးကိုလည်း ကျွန်တော်တို့က သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်တွေမှာ သူ့ဒေသနဲ့ အနီးစပ်ဆုံးမှာ ခန့်ထားသွားရေးလည်း မူဝါဒများချမှတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကတော့ ဒုတိယ မေးခွန်းဖြစ်ပါတယ်။ ဒီလိုပဲ ဆရာဆရာမတွေတင် မကပါဘူး။ မြို့နယ်ပညာရေးမှူးတို့၊ ကျောင်းအုပ်ကြီးတို့ ပြုလုပ်ရတဲ့ပုဂ္ဂိုလ်တွေဟာ ဆရာဆရာမများဘဝကလာတဲ့အတွက် စီမံခန့်ခွဲမှုသင်တန်းကိုလည်း ကျွန်တော်တို့ ထောက်ကြံ့မှာဖွင့်လှစ်ပြီးတော့ ငွေရေးကြေးရေးနဲ့ပတ်သက်လို့ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းတွေ၊ စီမံခန့်ခွဲမှုသင်တန်းတွေကို ကျွန်တော်တို့ စီမံခန့်ခွဲမှုအရည်အသွေးတိုးမြှင့်အောင်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါလေးတစ်ခု ရှင်းလင်းတင်ပြလိုပါတယ်။ ဒါကတော့ ဒုတိယ မေးခွန်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ မှန်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်နန်းနွံ တင်ပြသလိုပဲ ကျွန်တော်တို့က အတန်းကူးပြောင်းနှုန်းတွေ တစ်နည်းအားဖြင့် ကျောင်းထွက်နှုန်းတွေနည်းအောင်လို့ ကျောင်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်းတွေလည်း ဆောင်ရွက်ပါတယ်။ အဲဒီအခါမှာ တစ်နိုင်ငံလုံးဆောင်ရွက်တဲ့အတွက် ကျွန်တော်တို့က ဘာဆောင်ရွက်ပေးသလဲဆိုရင် သတ်မှတ်တဲ့မူဝါဒများနှင့်အညီ ကိုက်ညီတဲ့လူတွေကိုလည်း ကျွန်တော်တို့က ကိုက်ညီတဲ့ကျောင်းများကို အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ ဒါကလည်း ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနက ချမှတ်တဲ့မူဝါဒမဟုတ်ပါဘူး။ သက်ဆိုင်ရာပညာရှင်တွေ၊ ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့ ဒီကျောင်းမှာ ဘယ်လောက်တော့ ကျောင်းသားအရေအတွက်၊ ဆရာဆရာမဘယ်လောက်ရှိရင် ဒါဟာ အဆင့်တိုးမြှင့်ပေးတယ်ဆိုတဲ့ဟာမျိုးနဲ့ ကျွန်တော်တို့က အကြံဉာဏ်များရယူပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီတော့ အတန်းကူးပြောင်းနှုန်းတိုးတက်အောင် ကျောင်းအဆင့်တိုးမြှင့်ပေးခြင်းသာမကဘဲ တိုင်းဒေသကြီး/ပြည်နယ်များအားလုံးမှာ အသက်မွေးဝမ်းကြောင်းပညာသင်တန်းများကိုလည်း ဖွင့်ပေးဖို့စီမံဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ အတန်းပညာကျောင်းများနည်းတူ အသက်မွေးဝမ်းကြောင်းပညာတွေလည်း

ကျွန်တော်တို့က ဖွင့်လှစ်ပေးဖို့စီမံဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီနေရာမှာလည်း ကျွန်တော်တို့က Vocational Training Center လို့လည်းပြောလို့ရပါတယ်။ ဒါ သူကတော့ Short Team Courses တွေပေးဖို့ရှိသလို Long Team နဲ့လည်းသွားဖို့ရှိပါတယ်။ သိပ္ပံနှင့်နည်းပညာကဆောင်ရွက်နေတဲ့ ကျောင်းတွေကတော့ Formal Vocational Education လို့ခေါ်တဲ့ ဒါ သူကတော့ ပုံမှန်အတန်း ကျောင်းကဆက်သွားမယ့် Vocational သင်တန်းကျောင်း၊ အသက်မွေးဝမ်းကြောင်းသင်တန်းကျောင်း များဖြစ်သလို ဒါကလည်း အတန်းကူးပြောင်းနှုန်းတွေ ဒါမှမဟုတ်ရင် ကျောင်းနေနှုန်းတွေလျော့သွားစေ ရေးအတွက်လည်း ကျွန်တော်တို့ အသက်မွေးဝမ်းကြောင်းပညာများကို တစ်နိုင်ငံလုံးမှာ ဒေသလိုအပ် ချက်နှင့်အညီ ဖွင့်လှစ်ပေးသွားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါ်နန်းနွံရဲ့ထပ်ဆင့်မေးခွန်းသုံးခုကို ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**တမူးခရိုင်ရှိ ရေကြီးမှုကြောင့် ပျက်စီးသွားသော စာရေးခုံများအနက် အလျော်(မူလွန်)အတွက် (၁၀)စုံ၊ ပွတ်သာ အ.လ.က(ခွဲ)အတွက် ၂၀ စုံ၊ ခမိတ်အ.လ.က(ခွဲ)အတွက် ၂၀ စုံ၊ မင်းသမီးအ.လ.က(ခွဲ)အတွက် ၃၀ စုံတို့ကို မည်သို့ စီမံဆောင်ရွက်ပေးမည်နှင့် တမူးမြို့မ ၁၂/ခ ရပ်ကွက်မှ ကလေးများအဆင်ပြေစေရန် တွဲဖက် အ.မ.က ဖွင့်လှစ်ပြီး ပညာရေးဌာနမှ အလှည့်ကျ သင်ကြားပေးနေကြသဖြင့် အဆိုပါတွဲဖက် အ.မ.ကအား အ.မ.က(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်ပထမမေးခွန်း အနေဖြင့် တမူးခရိုင် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ရေကြီးရေလျှံမှုကြောင့် ရွာလုံးကျွတ် ရေနစ်မြုပ် သဖြင့် အလျော်၊ ပွတ်သာ၊ ခမိတ်၊ မင်းသမီး စာသင်ကျောင်းများတွင် စာရေးခုံများ ပျက်စီးသွားပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါကျောင်းများတွင် လိုအပ်နေတဲ့စာရေးခုံများကို နိုင်ငံတော်က မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ ဒုတိယအချက်အနေဖြင့် တမူးမြို့မ ၁၂/ခ ရပ်ကွက်မှ ကျောင်းသားကျောင်းသူများဟာ အ.မ.က(၁၀) မှာ တက်ရောက်လျှက်ရှိပါတယ်။ ယခုရေကြီးမှုကြောင့် တံတားပျက်စီးသွားသဖြင့် ကျောင်းတတ်ရန်အခက်အခဲများစွာဖြစ်သွားပြီး ယခုအခါ တွဲဖက် (အ.မ.က) ဖွင့်လှစ်ပြီး ပညာရေးဌာနမှ အလှည့်ကျသင်ကြားပေးနေသဖြင့် အဆင်ပြေနေကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါတွဲဖက်(အ.မ.က)အား အ.မ.က(ခွဲ)အဆင့် တိုးမြှင့်ပေးနိုင်ရန် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေရဲ့ တမူးခရိုင်ရှိရေကြီးရေလျှံမှုများကြောင့် ပျက်စီးသွားသော စာရေးခုံများအနက် အလျော်(မူလွန်)အတွက် ၁၀ စုံ၊ ပွတ်သာအ.လ.က(ခွဲ)အတွက် အစုံ ၂၀၊ ခမိတ်အ.လ.က(ခွဲ)အတွက် အစုံ ၂၀၊ မင်းသမီးအ.လ.က(ခွဲ)အတွက် အစုံ ၃၀ တို့ကို မည်သို့ စီမံဆောင်ရွက်ပေးမည်နှင့် တမူးမြို့မ ၁၂/ခ ရပ်ကွက်မှ ကျောင်းသားကျောင်းသူများဟာ အ.မ.က(၁၀)မှာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ရေကြီးမှုကြောင့် တံတားပျက်စီးသွားသဖြင့် အဆိုပါရပ်ကွက် ရေဘေးသင့်ပြည်သူများက ကလေးများအဆင်ပြေစေရန် (တွဲဖက်)အ.မ.က ဖွင့်လှစ်ပြီး ပညာရေးဌာနမှ အလှည့်ကျ သင်ကြားပေးနေကြသဖြင့် အဆိုပါ တွဲဖက်အ.မ.ကအား အ.မ.က(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအား ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်အတွင်းရှိ အလျော်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် စာသင်ခုံ ၂၅ လုံး နှင့် ထိုင်ခုံ အလုံး ၅၀၊ ပွတ်သာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက် စာရေးခုံ ၂၅ လုံး နှင့် ထိုင်ခုံ အလုံး ၅၀၊ မင်းသမီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက် စာရေးခုံ ၂၅ လုံး နှင့် ထိုင်ခုံ အလုံး ၅၀ တို့ကို ခွဲဝေပေးပြီး ဖြစ်ပါတယ်။ ခမိတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဟာ ပျက်စီးဆုံးရှုံးမှုတင်ပြတဲ့စာရင်းမှာ ပါဝင်ခဲ့မှုမရှိကြောင်း စိစစ်တွေ့ရှိရကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တမူးမြို့မ ၁၂/ခ ရပ်ကွက်မှာ ဖွင့်လှစ်ထားတဲ့ကျောင်းဟာ တွဲဖက်အခြေခံပညာမူလတန်းကျောင်း မဟုတ်ဘဲနဲ့ ရေဘေးသင့်ကျောင်းသားများအတွက် ယာယီဖွင့်လှစ်ထားတဲ့ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းသာ

ဖြစ်ပါတယ်။ မြို့နယ်ပညာရေးမှူးရဲ့ အစီအစဉ်နဲ့ အဆိုပါကျောင်းမှာ မြို့နယ်အတွင်းမှာရှိတဲ့ ဆရာဆရာမများကို တာဝန်ပေး၍ သင်ကြားသင်ယူမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြစ်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်ခွင့်ရရှိနိုင်ရေးအတွက်ကတော့ သတ်မှတ်မူဘောင်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ဒုတိယဝန်ကြီးရှင်းပြတဲ့အတွက် သဘောပေါက်ပါတယ်။ ကျွန်တော်တို့ ခမိတ်ကျေးရွာဆိုတာ တကယ်တော့ တစ်ရွာလုံးမြှုပ်သွားတာပါ။ တကယ်ပျက်စီးတဲ့အချိန်မှာ ဒီကျေးရွာမှာရှိတဲ့ စာရင်းကောက်ယူမှုအားနည်းတဲ့အတွက်ကြောင့်မို့လို့ ခမိတ်ကျေးရွာမှာပျက်စီးသွားတဲ့ စာရေးခုံများကိုလည်း ပညာရေးဝန်ကြီးဌာနက ထည့်သွင်းစဉ်းစားပေးပါလို့ ကျွန်တော်က မေတ္တာရပ်ခံခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ ခုနကပြောခဲ့တဲ့ အ.မ.က(ခွဲ)အဆင့်တိုးမြှင့်ဖို့ ဆိုတာကလည်းပဲ မြို့နယ်အဆင့်မှာ အမှုတွဲများ တောင်းတဲ့အတွက် အဆင့်ဆင့်တင်ပြဆောင်ရွက်ထားပြီးဖြစ်ပါသဖြင့် လာမယ့်နှစ်ပညာသင်နှစ်မှာလည်းပဲ အ.မ.က(ခွဲ)အဆင့်တိုးမြှင့်ပေးတဲ့အခါမှာ ထည့်သွင်းစဉ်းစားနိုင်ဖို့အတွက်တင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်ကြီးရဲ့ ထပ်ဆင့်မေးခွန်းများကို ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားသွားပါမယ်။ ကျွန်တော်တို့က အခုလွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ခမိတ်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင်မကပါဘူး။ ကျန်သောကျောင်းများအတွက်ပါ စာရေးခုံများကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအခါမှာလည်း ကျွန်တော်တို့ ဦးစားပေးအစီအစဉ်များနှင့်အညီ ထည့်သွင်းဆောင်ရွက်ပေးပါမယ်လို့ ပထမမေးခွန်းကို ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်းတင်ပြလိုပါတယ်။ ဒုတိယအနေနဲ့ကတော့ ကျွန်တော်တို့ အ.မ.က(ခွဲ)ကျောင်းကိုလည်း တင်ပြပြီးပြီဖြစ်တဲ့အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဦးစားပေးအစီအစဉ်အရ ကျွန်တော်တို့ ထည့်သွင်းစိစစ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ထပ်ဆင့်မေးခွန်းအား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးမြန်းဖြေကြားပေးတဲ့ မေးခွန်းရှင်များအား သက်ဆိုင်ရာပြည်ထောင်စု ဒုတိယဝန်ကြီးများ ကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့်မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ဖြစ်သော ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းကို ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၉-၁၁-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါကြောင့် မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်းနှင့် ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးဒုတိယနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော်အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် တင်သွင်းခဲ့ တဲ့

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)။** ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုဖြစ်ပါတယ်ရှင်။ ကျွန်မက ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၃/၂၀၁၅) ကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယခင်က ဖြန့်ဝေခဲ့သည့် (၂/၂၀၁၅) အစီရင်ခံစာနှင့်လည်း ဆက်စပ်နေ၍ ဆက်စပ်ကာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ လေးစားရပါတဲ့ ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ပထမဦးစွာ ဆွေးနွေးလိုသည်မှာ ကော်မတီရဲ့ တင်ပြချက် အပိုဒ် ၇ ဖြစ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၆-၈-၂၀၁၅ ရက်နေ့တွင် ပြီးဆုံးပြီးနောက် ၂၇-၈-၂၀၁၅ ရက်နေ့မှ ၉-၁၁-၂၀၁၅ ရက်နေ့အထိ ကာလအတွင်း ကတိဖြစ်ထားတဲ့ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ၊ အတည်ပြုအဆိုများအနက် လက်ရှိလွှတ်တော်သက်တမ်းတွင် ပြီးစီးနိုင်ခြင်းမရှိသည့်လုပ်ငန်းများသည် ဘဏ္ဍာငွေခွဲဝေပေးမှုမရရှိခဲ့ခြင်း၊ လုပ်ငန်းသဘောသဘာဝအရ နှစ်ရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ခြင်း၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းတစ်ခုတည်းဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိခဲ့ခြင်းတို့ကြောင့် ကတိစာရင်းမှ ပယ်ဖျက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပြည်သူ့လွှတ်တော်ရုံးသို့ ထပ်မံညှိနှိုင်းလာခဲ့ခြင်းဖြစ်ကြောင်းနှင့် ပယ်ဖျက်ရန် တင်ပြလာတဲ့လုပ်ငန်းများမှာ ကြယ်ပွင့်ပြ (၁၆)ခု၊ ကြယ်ပွင့်မပြ (၆၅)ခုနှင့် အတည်ပြုအဆို (၃)ခုတို့ကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြလာခြင်းဖြစ်ပါတယ်ရှင့်။ အခုကိစ္စနှင့်စပ်လျဉ်း၍ ယခင်ဖြန့်ဝေခဲ့တဲ့ (၂/၂၀၁၅) အစီရင်ခံစာကို ဆက်စပ်လေ့လာရာ ပထမအကြိမ် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိ ကတိဖြစ်ခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်း (၈၈၇)ခုဖြစ်ပြီး ပယ်ဖျက်ရန်မှာ (၁၁၄)ခုဖြစ်ပါတယ်။ ကတိဖြစ်ခဲ့တဲ့ ကြယ်ပွင့်မပြမေးခွန်း (၂၇၅၂)ခုဖြစ်ပြီး ပယ်ဖျက်ရန်တင်ပြချက်မှာ (၄၅၀)ခုဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကတိပေးထားတဲ့ အဆိုမှာ (၉၇)ခုဖြစ်ပြီး ပယ်ဖျက်ရန် အစိုးရက တင်ပြထားသည်မှာ (၁၁)ခု ဖြစ်ပါတယ်။ ယခုလည်း ပယ်ဖျက်ရန်များကို ဆက်လက်ပေးပို့နေဆဲဟု သိရှိရပါတယ်။ ပယ်ဖျက်ရန်စာရင်းများနှင့် အမည်များကို လေ့လာရာ ဥပမာအားဖြင့် ၂၇-၈-၂၀၁၄ ရက်စွဲပါ ကာလိမြို့နေပြည်သူများ (၁၂၇၉)ဦးက

လက်မှတ်ရေးထိုးပြီး ၁၈-၃-၂၀၁၅ ရက်နေ့တွင် ကျွန်မက ၎င်းတို့ကိုယ်စား ပြည်သူ့လွှတ်တော်တွင် မေးမြန်းတင်သွင်းရာ ကတိပေးခြင်းခံခဲ့ရတဲ့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့မှ သံကောအထိ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဆက်သွယ်နိုင်ရန်အတွက် ၃၃ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ပြီး ကာလိမြို့အနီးပတ်ဝန်းကျင်တွင် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း ကိစ္စလည်း ပယ်ဖျက်ရန်စာရင်းထဲ ပါဝင်နေကြောင်း တွေ့ရှိရပါတယ်။ ကျွန်မနည်းတူ ကိုယ်စားလှယ် အများအပြားမှာလည်း ကတိဖြစ်မေးခွန်းအဆိုများ ပယ်ဖျက်ခံရကြောင်း စိတ်မကောင်းစွာ လေ့လာ တွေ့ရှိခဲ့ရပါတယ်။ မိမိတို့နဲ့ သက်ဆိုင်ရာမဲဆန္ဒနယ်မြေမှ ပြည်သူများအတွက် တိုင်းပြည်အတွက် အားကြိုးမာန်တက် ကြိုးပမ်းအားထုတ်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များအတွက် များစွာ ဝမ်းနည်း ကြေကွဲစွာဖြင့် အထူးပင်စိတ်မကောင်းဖြစ်ရပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှာ ရွေးကောက်ပွဲတွင် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ မိမိတို့ရဲ့ သမိုင်းမှတ်တမ်းဖြစ်တဲ့ လွှတ်တော်တွင် မိမိတို့ရဲ့စွမ်းဆောင်ရည် လုပ်ဆောင်ချက်များကို သမိုင်းဝင်စေချင်သည်မှာ ဓမ္မတာပင် ဖြစ်ပါတယ်။ ယခုကိစ္စမှာ ပြည်သူ့ကိုယ်စားလှယ်များရဲ့လုပ်ဆောင်ချက်၊ စွမ်းဆောင်ချက်များကို အစိုးရက ရိုက်ချိုး သကဲ့သို့ ဖြစ်နေပါတယ်။ ဒီမိုကရေစီခေတ်တွင် အစိုးရက အမြဲတမ်းအပြောင်းအလဲဖြစ်နေမည်မှာ ဓမ္မတာပင်ဖြစ်ပါတယ်။ အစိုးရပြောင်းတာနဲ့ မိမိတို့၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များကို ပယ်ဖျက်တာမဖြစ်သင့်ပါ။ ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံတော်အစိုးရရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းသင့် ပါတယ်။ ကြားကာလတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများမရှိသော်လည်း ဝန်ကြီးဌာနတိုင်း တွင် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ ဆက်လက်တာဝန်ထမ်းဆောင်နေ၍ ကြားကာလအတွက် ၎င်းတို့ကို တာဝန်ခံစေပြီး နောင်အစိုးရလက်ထက်တွင် ဆက်လက်ဆောင်ရွက် စေသင့်ပါတယ်။ နောက်အစိုးရပြောင်းတာနဲ့ ပေးထားတဲ့ကတိကဝတ်များ ပယ်ဖျက်ခဲ့တဲ့ နောင်အစိုးရ လက်ထက်များမှာလည်း ဒီလိုပဲ လုပ်လာမှာဖြစ်ပါတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုများလည်း ရှိတော့မည် မဟုတ်ပါ။ မကောင်းသော အမူအကျင့်၊ အလေ့အကျင့်များကို ထားခဲ့သလိုဖြစ်စေပါတယ်။ အဆိုပါ အမူအကျင့်၊ အလေ့အကျင့်များ မဖြစ်စေလိုပါ။ အစိုးရတစ်ဖွဲ့မှ တစ်ဖွဲ့သို့ လွှဲပြောင်းပေးရာတွင် ကောင်းမွေရှိသလို ဆိုးမွေလည်းရှိနိုင်ပါတယ်။ လက်ရှိအစိုးရကလည်း ယခင်အစိုးရ၏ ကောင်းမွေ ဆိုးမွေကို ဆက်ခံခဲ့ရပါတယ်။ နောင်တက်လာမည့် အစိုးရကလည်း ယခုလက်ရှိအစိုးရ၏ ကောင်းမွေ ကိုဆက်ခံသလို ဆိုးမွေကိုလည်း ရင်ဆိုင်ဖြေရှင်းရမှာဖြစ်ပါတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုများသည် အစိုးရအဆက်ဆက်တွင် ဆက်လက်တည်ရှိရမည်သာဖြစ်ပါတယ်။ အဆိုပါကဲ့သို့ပြုလုပ်လျှင် တစ်နိုင်ငံ လုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိစ္စ အလွန်

မှုကြမ်း

စိုးရိမ်ဖွယ်ရာဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့က ကတိပေးခဲ့သော၊ အာမခံချက်ပေးခဲ့သော ကိစ္စရပ်များကို မဖျက်သိမ်းသင့်၊ မပယ်ဖျက်သင့်ပါဘဲ နောက်အစိုးရ လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ပြီးစီးသည်အထိ ဆက်လက်လုပ်ကိုင်သင့်ပါတယ်။ ဂုဏ်သိက္ခာကြီးမားသော လွှတ်တော်ကလည်း ထိုကဲ့သို့ ပယ်ဖျက်ပေးရန်တင်သွင်းလာမှုများကို လက်ခံရန် မသင့်လျော်ပါ။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့ညှိနှိုင်းလာခဲ့သည့် ပယ်ဖျက်ပေးရန်လုပ်ငန်းများ၏ မေးခွန်း၊ အဆိုပိုင်ရှင်များကို ခေါ်ယူအသိပေးညှိနှိုင်းသင့်ပါသော်လည်း လုံးဝမသိမပေး မညှိနှိုင်းခဲ့ပါ ဘဲလျက် အတည်ပြုရန် တင်သွင်းလာမှုများကို ပြည်သူ၏ ပြည်သူ့ကိုယ်စားလှယ်များက မိမိရဲ့သမိုင်း မှတ်တိုင် တည်တံ့ခိုင်မြဲရေးအတွက် လုံးဝကန့်ကွက်သင့်ပါကြောင်းနှင့် အတည်မပြုသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါ တယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့က လွှတ်တော်ကို တင်သွင်းလာတဲ့ အစိုးရ၏အာမခံ ချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ အပြုသဘောနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အစီရင်ခံစာကိုတင်သွင်းသူ ကော်မတီအတွင်းရေးမှူး ဦးဝင်းသန်းက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဟာ အစိုးရကို Check and Balance လုပ်နိုင်ဖို့ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းထားတဲ့ Standing Committee၊ လွှတ်တော်ရဲ့ အဓိကဒေါက်တိုင်ကော်မတီတစ်ခု ဖြစ်တယ်လို့ပြောခဲ့တာကို မှတ်သားမိပါတယ်။ ဆိုလိုတာကတော့ ပြည်သူတွေရဲ့ရပိုင်ခွင့်တွေမဆုံးရှုံးရအောင် လွှတ်တော်ကိုယ်စားလှယ်များဘက်က တစ်နည်းအားဖြင့် ပြည်သူတွေဘက်က ရပ်တည်အကျိုးဆောင်ပေးရမယ့် အဖွဲ့အစည်းဖြစ်တယ်လို့ နားလည်ပါတယ်။ ကော်မတီအနေနဲ့လည်း လွှတ်တော်ကိုယ်စားလှယ်များရဲ့မေးခွန်းများ၊ အဆိုများအပေါ်မှာ ကတိဖြစ်/ မဖြစ် မှတ်တမ်းတင်ခြင်း၊ ကတိပေးပြီးလုပ်ငန်းများအပေါ်မှာ ဆောင်ရွက်ခြင်းရှိ/မရှိစိစစ်ခြင်းများကို

ကြိုးစားလုပ်ဆောင်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကတိတစ်ခု ဖြစ်ဖို့ရာမှာ အလွန်ခက်ခဲပါတယ်။ အချိန်ယူပြီးတော့ လေ့လာရပါတယ်။ ကွင်းဆင်းရပါတယ်။ အကျိုးအကြောင်း၊ အထောက်အထားတွေ လိုအပ်ရင် ဓာတ်ပုံ၊ စာရွက်စာတမ်း၊ ဗီဒီယိုမှတ်တမ်းတွေနဲ့ပါ တင်ပြကြရတာဖြစ်ပါတယ်။ တစ်ဆက်တစ်စပ်တည်းမေးခွန်းအနေနဲ့လည်း အားကူရပါတယ်။ တစ်ခါ တစ်ရံမှာ ပေးကားပေး၏မရ ဆိုတာမျိုးလည်းကြုံရပါတယ်။ ဥပမာအားဖြင့်ပြောရရင် ဖြေကြားချက် တစ်ခုမှာ ဘဏ္ဍာငွေရရှိမှုပေါ်တွင်မူတည်ပြီး ဦးစားပေးအစီအစဉ်အရ လိုအပ်သလို စီစဉ်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း။ နောက်ဖြေကြားချက်တစ်ခုမှာတော့ နိုင်ငံခြားအကူအညီ အထောက်အပံ့ရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း စသဖြင့်ဖြေကြားတာတွေလည်း မကြာခဏတွေ့ရှိရပါတယ်။

ဒါကြောင့် ကော်မတီအတွင်းရေးမှူး ဦးဝင်းသန်းက အစည်းအဝေးအပြီးမှာ ဝန်ကြီးဆီကို အပြေးအလွှားသွားပြီးတော့ ဝန်ကြီးရဲ့အဖြေက ကတိဖြစ်/မဖြစ်မေးရတာတွေလည်း ရှိပါတယ်။ ဒါကြောင့် အရင်လည်း ကျွန်တော်ဆွေးနွေးဖူးပါတယ်။ ဝန်ကြီးက ကတိဖြစ်တယ်ဆိုမှ ကတိဖြစ်ရတာ မို့လို့ ဖြစ်မှုဖြစ်ရလေကော်မတီရယ်လို့တောင် ကျွန်တော်က ဂရုဏာဒေါသောနဲ့ ပြောမိပါတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များအတွက် ဒီလိုကတိတစ်ခုရဖို့ရန်အတွက် အလွန်ခက်ခဲသလို ပေးထားတဲ့ကတိအတိုင်း အကောင်အထည်ဖော်ပေးဖို့ရာမှာလည်း အလွန်အရေးကြီးပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်ဟာ ဥပဒေပြုရေးဆိုပေမယ့် သာမန်ပြည်သူတွေက တော့ လွှတ်တော်ကိုယ်စားလှယ်များအပေါ်မှာ ဒေသဖွံ့ဖြိုးရေးအတွက် ဘယ်လောက်လုပ်ပေးနိုင် သလဲဆိုတဲ့ပေတံနဲ့ပဲ တိုင်းတာဆုံးဖြတ်ကြပါတယ်။ မဲဆွယ်စည်းရုံးရေးကာလမှာ (၅)နှစ်သက်တမ်းမှာ မိမိတို့ဒေသအတွက် ဘာတွေလုပ်ပေးနိုင်ခဲ့သလဲဆိုတဲ့မေးခွန်းကို အမြဲတမ်းအမေးခံရလေ့ရှိပါတယ်။ လွှတ်တော်ထဲမှာ ရေးဆွဲပြဋ္ဌာန်းထားတဲ့ဥပဒေအကြောင်းကို သူတို့စိတ်မဝင်စားကြပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ကတင်ပြခဲ့သလို ပြည်သူတွေရဲ့ရပိုင်ခွင့် နစ်နာမှုမရှိအောင် ပြည်သူတွေဘက်ကရပ်ပြီး အစိုးရကို Check and Balance လုပ်မယ်ဆိုတဲ့ကော်မတီဟာ အခက်အခဲတွေကြားကရယူထားတဲ့ အလွန်အရေးကြီးတဲ့ကတိ တွေကို အစိုးရအလိုကျပယ်ဖျက်ပေးနိုင်အောင် လွှတ်တော်ကိုအတည်ပြုချက်တောင်းခံခြင်းဟာ မသင့် လျော်ပါဘူး။ အစိုးရကို Check and Balance မလုပ်ဘဲ ဖျက်ချင်ရင် ပွဲတည့်အောင်လုပ်ပေးနိုင် တယ်။ ကူညီနေတယ်လို့မြင်ပါတယ်။ အစီရင်ခံစာအပိုဒ် ၇ ကော်မတီ၏တင်ပြချက်မှာ ၂၇-၈-၂၀၁၅

ရက်နေ့မှ ၉-၁၁-၂၀၁၅ ရက်နေ့အထိ ကာလအတွင်း ကတိဖြစ်ခဲ့တဲ့မေးခွန်း၊ အဆို ၈၄ ခုကို ကတိစာရင်းမှ ပယ်ဖျက်ပေးဖို့တင်ပြထားတာတွေ့ရပါတယ်။ ဒါပေမဲ့ နောက်ဆက်တွဲ(င)မှာ ဖော်ပြထားချက်အရ ဒုတိယ၊ စတုတ္ထ၊ ဆဋ္ဌမ၊ သတ္တမစသဖြင့် ၁ နှစ်၊ ၂ နှစ်၊ ၃ နှစ် ကြာမြင့်ပြီဖြစ်တဲ့ ပုံမှန်အစည်းအဝေးတွေကတည်းက ရရှိထားတဲ့ကတိတွေလည်း ပယ်ဖျက်ပေးမယ့်စာရင်းမှာ ပါနေတာကို တွေ့ရပါတယ်။ ပယ်ဖျက်ပေးရမယ့် အကြောင်းပြချက်တွေကတော့ (၁) လက်ရှိလွှတ်တော်သက်တမ်းတွင် ပြီးစီးနိုင်ခြင်းမရှိသည့်လုပ်ငန်းများသည် ဘဏ္ဍာခွဲဝေမှုမရရှိခြင်း၊ (၂) လုပ်ငန်းသဘောသဘာဝအရ နှစ်ရှည်ဆောင်ရွက်ရမယ့်လုပ်ငန်းများဖြစ်ခြင်း၊ (၃) ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းတစ်ခုတည်းဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိခြင်းလို့ဆိုပါတယ်။ အထက်ဖော်ပြပါအကြောင်းအချက်တွေဟာ ကတိတွေကို မဖျက်လို့မရ၊ တခြားရွေးချယ်စရာနည်းလမ်းမရှိဆိုတဲ့အခြေအနေအထိ အစိုးရကို အကျပ်အတည်းဖြစ်စေပါသလား။ နောက်ဆုံးနှစ်လွှတ်တော်သက်တမ်းမှာ ရရှိတဲ့ကတိတွေဟာ ဒီလိုပဲပယ်ဖျက်ခံရမယ်ဆိုတဲ့ အစဉ်အလာဆိုးကြီးကို ကျွန်တော်တို့လက်ခံကြရတော့မလား။ အစိုးရဟောင်းရဲ့ကတိတွေကို အစိုးရသစ်ကလက်မခံရဘူးဆိုတဲ့ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်တွေများရှိပါသလား။ ဒါမှမဟုတ် လွှတ်တော်ထဲမှာပေးထားတဲ့ကတိအဆင့်သာရှိသေးလို့ ဇယားမရှုပ်ရအောင် ပြီးပြီးရောဖြတ်လိုက်တာလားဆိုတဲ့ မေးခွန်းတွေရဲ့အဖြေကို ကျွန်တော်တို့နားလည်ဖို့လိုပါတယ်။ ပြည်သူတွေသဘောပေါက်ဖို့လိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ ပြည်ထောင်စုအစိုးရအဖွဲ့က ကတိတွေကိုပယ်ဖျက်ပေးပါလို့ ညှိနှိုင်းလာတဲ့အခါမှာ ပြည်သူ့လွှတ်တော်ရုံးအနေနဲ့ ဖြစ်သင့်/မဖြစ်သင့် လွှတ်တော်ကိုချပြပြီး လွှတ်တော်ကိုယ်စားလှယ်များကို ဆွေးနွေးစေခြင်းဖြင့် သင့်လျော်တဲ့အဖြေတစ်ခုကို ရနိုင်မှာဖြစ်ပါတယ်။ ပြည်သူတွေကလည်း ကျွန်တော်တို့ရဲ့ဆွေးနွေးချက်တွေကိုကြည့်ပြီး သဘောပေါက်ကြမှာဖြစ်ပါတယ်။ အခုတော့ ဒီအခွင့်အရေးကို ကျွန်တော်တို့မရခဲ့ပါဘူး။ လွှတ်တော်မှာ ပင်ပန်းခံ၊ အချိန်ကုန်ခံပြီးရယူခဲ့တဲ့ ကတိတွေဟာ စာတစ်မျက်နှာခွဲသာရှိတဲ့ ကော်မတီရဲ့အစီရင်ခံစာနှင့် အဖျက်ဆီးခံလိုက်ရပါတယ်။ လွှတ်တော်မှာတင်ပြလို့ အောင်မြင်ခဲ့ပြီလို့ ပြည်သူတွေကိုကြေညာပြီးဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာလည်း မျက်နှာပြောင်တဲ့လူလိမ်တွေဖြစ်ကုန်ပါတယ်။ အခုတော့ အစိုးရကို Check and Balance လုပ်ဖို့ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းထားတဲ့ကော်မတီက အစိုးရနဲ့ညှိနှိုင်းလာတဲ့အခါမှာ လွှတ်တော်ထဲမှာဆွေးနွေးဖို့အခွင့်အရေးကို မပေး

ခဲ့ရုံမက အစိုးရနဲ့ကော်မတီ ကြိတ်ဝိုင်းလုပ်ပြီးတော့ လွှတ်တော်ရဲ့အတည်ပြုချက်ကိုရယူဖို့ အလျင်စလို ကြိုးစားလာတာကို မြင်ရပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ယုတ္တိရှိပြီးလုံလောက်တဲ့ အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ ပြည်သူများ၏အခွင့်အရေးနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဂုဏ်သိက္ခာကိုထိခိုက်စေနိုင်တဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ကတိရပြီးလုပ်ငန်း ၈၄ ခုအပေါ်မှာ ပယ်ဖျက်ရန် လွှတ်တော်သို့တင်ပြလာသည့်အစီရင်ခံစာအား အတည်မပြုဘဲ ပယ်ဖျက်သင့်ပါကြောင်း လေးစားစွာဖြင့် တင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာအပေါ် ဆွေးနွေးအကြံပြုတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ယခုလွှတ်တော်သက်တမ်းဟာ နောက်ဆုံးအကြိမ်အစည်းအဝေးဖြစ်ပါတယ်။ ဒီနောက်ဆုံးအကြိမ်အစည်းအဝေးမှာပင် သက်ဆိုင်ရာဝန်ကြီးဌာနတွေက လွှတ်တော်ကိုယ်စားလှယ်တွေရဲ့မေးခွန်းတွေ ဖြေကြားတဲ့အခါမှာ တချို့ကိစ္စတွေ ဆောင်ရွက်ပေးရမယ့်ကိစ္စတွေကို ကတိအဖြစ်နဲ့ပြောကြရတာရှိပါတယ်။ ဒီအကြိမ်မှာတောင်မှ ပြောနေတယ်ဆိုရင် ဒီအကြိမ်က အခု (၁၂)ကြိမ်မြောက်က ကတိကဝတ်၊ (၁၂)ကြိမ်မြောက်အထိရှိခဲ့တဲ့ ကတိကဝတ်တွေကို မဖော်ဆောင်နိုင်ဘူးဆိုရင် အခု(၁၃)ကြိမ်မြောက်ဆောင်ရွက်နေတဲ့ မေးခွန်း၊ အဆိုများ ကတိဖြစ်မယ်ဆိုရင် ဒါတွေဟာ ဘယ်လိုမှဆောင်ရွက်နိုင်ခြေမရှိတဲ့ကိစ္စတွေ၊ အဲဒီအတွက် ကျွန်တော်တို့ဟာ ကတိမဖြစ်နိုင်တဲ့အလုပ်တွေကို ဆောင်ရွက်နေကြတာလို့ မှတ်ယူရမလိုဖြစ်ပါတယ်။ အဲဒီအတွက် ဒီ ၂၀၁၅ ခုနှစ် နောက်ဆုံး (၁၂)ကြိမ်မြောက်အစည်းအဝေးမှာ ဖြစ်ပေါ်လာပြီးတော့မှ ကတိတွေဖြစ်လာတာတွေကို မဆောင်ရွက်နိုင်ပါဘူးဆို ပြီးခဲ့တဲ့(၁၂)ကြိမ်မြောက်အစည်းအဝေးအပြီးမှာ ကတိစာရင်းက ပယ်ဖျက်ဖို့စာရင်းတွေရရှိခဲ့ပါတယ်။ အဲဒီအပြင် ထပ်တိုးလာတဲ့ အခု ၈၄ ခုတွေ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ရှေ့ကလည်း တင်ပြသွားကြပါတယ်။ အကြောင်းပြချက်က ဘဏ္ဍာငွေခွဲဝေပေးမှုမရရှိခဲ့ခြင်း၊ လုပ်ငန်းသဘောသဘာဝအရ နှစ်ရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ခြင်း၊ ပြည်ထောင်စုအဆင့်

အစိုးရအဖွဲ့အစည်းတစ်ခုတည်းဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိခြင်းတို့ကြောင့် ကတိစာရင်းက ပယ်ဖျက်ပေးဖို့ ညှိနှိုင်းလာတယ်။ ဒါဟာ ကျိုးကြောင်းခိုင်လုံမှုရှိ/မရှိ စဉ်းစားကြရမှာဖြစ်ပါတယ်။ အဲဒီလိုကတိစာရင်းကနေ ပယ်ဖျက်တယ်။ ကတိပေါင်းများစွာကို ပယ်ဖျက်တာဟာ ကတိဖြစ်စေအောင် တိုက်တွန်းစေ့ဆော်ဆောင်ရွက်ခဲ့တဲ့၊ အားထုတ်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီရော ဒီကတိတွေဖျက်သိမ်းခံရတာကို သူတို့သိကြပါသလား။ အဲဒီလွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီရဲ့ ကတိတွေကို ဖျက်သိမ်းတာဖြစ်တဲ့အတွက် အဲဒီလွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီက မိမိတို့ရဲ့ကတိတွေကို ဖျက်သိမ်းခံလိုက်ရပြီဆိုတာကို ဂယနဏာသိပါရဲ့လား ကျွန်တော်တို့ မေးရမှာဖြစ်ပါတယ်။ အဲဒီအတွက် ဖျက်သိမ်းခံရတဲ့ကတိတွေဟာ ဘယ်လိုကတိမျိုးတွေလဲ ဒါကို သက်ဆိုင်ရာ ဒေသခံလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းဖို့လည်းလိုအပ်ပါတယ်။ အဲဒီလိုညှိနှိုင်းတဲ့အခါမှာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ သဘောတူညီချက်နဲ့ တချို့ကိစ္စတွေကို လက်ခံနိုင်စရာရှိနိုင်ပါတယ်။ တချို့ကိစ္စတွေတော့ ကျွန်တော်တို့အနေနဲ့ လက်မခံနိုင်စရာတွေရှိပါတယ်။

ကျွန်တော့်အနေနဲ့ ဥပမာတစ်ခု တင်ပြချင်ပါတယ်။ ဥပမာ-အလုံမြို့နယ်မှာ ဆင်မင်းအားကစားကွင်းရှိ ဘောလုံးကွင်းမြေနေရာကို မြို့နယ်အားကစားနှင့်ကာယပညာကော်မတီပိုင် မြေနေရာအဖြစ် သတ်မှတ်ပေးနိုင်ပါရေးကိစ္စ။ ဒါဟာ နောက်ဆုံးတင်ပြတဲ့တင်ပြစာ ဖြစ်ပါတယ်။ လွှတ်တော်မှာ ကျွန်တော်မေးလာခဲ့တာ ၁၈-၁-၂၀၁၅ ရက်နေ့ တစ်နှစ်နီးပါးရှိခဲ့ပါပြီ။ ဒီတစ်နှစ်နီးပါးအပေါ်မှာ ဖြေကြားသွားခဲ့တာဟာ ကျွန်တော့်အနေနဲ့မေးခဲ့တုန်းက အလုံမြို့နယ်၊ ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်မှ အားကစားကွင်းဟောင်းအား နိုင်ငံတော်ပိုင်အားကစားကွင်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ပြည်ထောင်စုအဆင့် နိုင်ငံတော်ပိုင်အားကစားကွင်းအဖြစ် ပြောခဲ့တာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဆက်စပ်မေးခွန်းကိုလည်း ပြည်ထောင်စုအဆင့် နိုင်ငံပိုင်အားကစားကွင်းတစ်ကွင်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် အားကစားဝန်ကြီးဌာနမှလည်းကောင်း၊ ပြည်ထောင်စုအစိုးရမှလည်းကောင်း အားကစားဝန်ကြီးဌာနမှ ဆက်လက်တင်ပြ၍ ညှိနှိုင်းကြိုးစားဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ အဲဒါနဲ့ပတ်သက်ပြီး ကတိဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီကတိကို ကြန့်ကြာစေတဲ့ကိစ္စက သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရကနေ ဒီအပေါ်မှာ အကြောင်းပြန်ခြင်းမရှိခဲ့တဲ့ကိစ္စ ဖြစ်ပါတယ်။ အဲဒီတော့ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုအစိုးရရဲ့ချိတ်ဆက်မှု ကြန့်ကြာမှုကြောင့်မို့လို့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တင်ပြတဲ့ကတိတွေ၊ ဖြစ်ခဲ့တဲ့ကတိတွေဟာ

အခုနောက်ဆုံးအချိန်တွေမှာ အဟောသိကံဖြစ်သွားတဲ့သဘော ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုကြန့်ကြာမှု ဖြစ်တာသည် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရကြားမှာ အချိန်တွေကြန့်ကြာခဲ့တာမျိုး တွေရှိပါတယ်။ ဒါပေမဲ့ စောစောက အကြောင်းပြချက် ၃ ခုထဲမှာ ဒါမပါပါဘူး။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူ့အတွက် တိုက်တိုက်တွန်းတွန်းနဲ့ ဆောင်ရွက်ခဲ့တာတွေရှိပါ တယ်။ တချို့မူဝါဒပိုင်းအရ လွှတ်တော်မှာ အဆိုတွေတင်ခဲ့တာတွေရှိပါတယ်။ တင်ခဲ့တဲ့အဆိုတွေကို လွှတ်တော်ကနေ မူဝါဒအဖြစ်မှတ်တမ်းတင်ထားတာရှိပါတယ်။ ဒါပေမဲ့ ဘတ်ဂျက်ကိစ္စမဟုတ်တဲ့ အတွက် ကတိမဖြစ်ဘူးဆိုတဲ့သဘောမျိုးရှိပါတယ်။ ဒါပေမဲ့ ဒါတွေက ကတိဖြစ်သည်ဖြစ်စေ၊ မဖြစ် သည်ဖြစ်စေ မူဝါဒပိုင်းအရ လွှတ်တော်မှာ မှတ်တမ်းတင်ထားရင် မှတ်တမ်းတင်ထားတဲ့ကိစ္စတွေကို လည်း အစိုးရက ဖော်ဆောင်သွားရမှာဖြစ်ပါတယ်။ ဒီအစိုးရလက်ထက်မှာ မဖော်ဆောင်နိုင်ရင် နောက် လာမယ့်အစိုးရ ဆက်ဆက်ပြီးဖော်ဆောင်သွားဖို့ တာဝန်ရှိပါတယ်။ ဒါပေမဲ့ ဒီအစိုးရမှာ အနည်းဆုံး အုတ်မြစ်ချနိုင်ခဲ့ရမှာဖြစ်ပါတယ်။

ဒါပေမဲ့ အခု (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာပင် ကတိပေးခဲ့တဲ့ဟာတွေ အခုဆက်ပြီး တော့မှပါလာတာက ကတိစာရင်းကပယ်ဖျက်ပေးဖို့ဆိုတော့ မကြာသေးမီကပင် ကတိပေးထားတယ်။ အခု (၁၂)ကြိမ်မြောက်ကနေ (၁၃)ကြိမ်မြောက်မှာ ကတိပယ်ဖျက်ခိုင်းတယ်။ ဒါတွေဟာ ဒီလိုမပေးနိုင် ရင်၊ ဒီလိုမလုပ်နိုင်ရင် အစောကြီးကတည်းက မပေးခဲ့ရဘူးဖြစ်ပါတယ်။ ဒါပေမဲ့ ကတိပေးပြီးတော့ ကတိကိုပျက်ကွက်တာ ဒါကတိပျက်ကွက်တဲ့အနေအထားအရ ကျွန်တော်တို့အနေနဲ့က ကတိပျက်ကွက် ရင် စွပ်စွဲပြစ်တင်ဖို့ပဲရှိပါတယ်။ ဒါပေမဲ့ လွှတ်တော်အနေနဲ့ ဒါတွေမလိုချင်ဘဲနဲ့ ထိန်းညှိတဲ့သဘော ဆိုရင် ဒီကတိတွေကိုဆက်လက်ပြီးတော့ ဆောင်ရွက်သွားဖို့ ပြန်ပြီးစီစဉ်ပါ။ ကတိကဝတ်ကော်မတီက တင်သွင်းထားတဲ့ အတည်ပြုပေးဖို့ကိစ္စအနေနဲ့ လွှတ်တော်က အတည်မပြုသင့်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုန်ကွမ် ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခမိုင်မုန်ကွမ်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ စာနှင့်ဖတ်ရှု၍ ဆွေးနွေး တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာ သော အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုန်ကွမ်(ခ)ဒူဝါခမိုင်တန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တင်ပြတောင်းခံဆွေးနွေးလိုသော ကဏ္ဍများမှာ နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူများ အနေဖြင့် လိုလားချက်၊ လိုအပ်ချက်များကို နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ကို လိုလားတောင်းတလျက်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ကတိကဝတ်ပေးချက်များကို မည်သည့်ပါတီမှဦးဆောင်သော အစိုးရအဖွဲ့ဖြစ်စေ ပြည်သူပြည်သားများ၏ အသက်အန္တရာယ်များနှင့် ကြုံတွေ့နိုင်သော လုပ်ငန်းစီမံကိန်းများမှလွဲ၍ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်ငန်းများနှင့် ဘက်စုံ ကဏ္ဍအစုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုလက်ရှိဦးဆောင်ပါတီ၏ အစိုးရအဖွဲ့မှ ပေးထားသော နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများကို တည်ဆောက်ပေးမည်၊ ကူညီပေးမည်၊ အကောင် အထည်ဖော်ပေးမည်ဟူသော ကတိကဝတ်ပေးချက်များကို လွှဲပြောင်းယူမည့် ဦးဆောင်ပါတီမှ အစိုးရ အဖွဲ့အနေနဲ့လည်း တာဝန်ယူတာဝန်ခံ၍ မဖြစ်မနေ အကောင်အထည်ဖော်တည်ဆောက်ပေးရမှာဖြစ် သလို အစိုးရအဖွဲ့ကို တောင်းခံလိုသောကဏ္ဍများမှ ယခင် ပြည်သူများကို ကတိကဝတ်ပေးခဲ့သော လုပ်ငန်းများအားလုံးကိုလည်း ပြီးမြောက်အောင်မြင်အောင် တည်ဆောက်ပေးပါရန် ပြည်သူများ ကိုယ်စား တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခု အစိုးရဌာနဆိုင်ရာများမှ တည်မြဲတည်ဆဲဖြစ်သည့် အစိုးရအဖွဲ့ကိုဦးဆောင်သော ပါတီမှာ ပြောင်းလဲမှုရှိသော်လည်း ရုံးတော်သည် ဌာနဆိုင်ရာများကိုသာ ဦးဆောင်သော အစိုးရအဖွဲ့များဖြစ်သည်နှင့်အညီ ပြည်သူများမှ တာဝန်ပေးခဲ့သော ပါတီ၏အစိုးရအဖွဲ့အနေဖြင့် ရှေးဦးစွာ ဦးဆောင်သောပါတီ၏ အစိုးရအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများရဲ့ ကတိကဝတ်များကို လွှဲပြောင်းယူသော ပါတီ၏ အစိုးရအဖွဲ့အနေဖြင့် နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူများကို ပြီးမြောက်အောင် တည်ဆောက်ပေးရန် တာဝန်ရှိသည်နှင့်အညီ အစိုးရအဖွဲ့အနေဖြင့် တည်ဆောက်ပေးလျက်ရှိသော လုပ်ငန်းများနှင့် လွှတ်တော်အသီးသီးမှတစ်ဆင့် ပြည်သူများကိုပေးခဲ့သော ကတိကဝတ်များကို ပြီးမြောက်အောင်မြင်အောင် တည်ဆောက်အကောင်အထည်ဖော်ပေးပါရန် နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူများကိုယ်စား လေးစားစွာဖြင့် မေတ္တာရပ်ခံတောင်းခံရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**မှုကြမ်း**

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်း ဖြစ်ပါတယ်ခင်ဗျား။ ယခု ဆွေးနွေးနေတဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အတွင်းရေးမှူးလည်းဖြစ်ပါတယ်။ သို့ရာတွင် ဒီ Agenda မှာတင်ထားတာကတော့ ကျွန်တော့်အနေနဲ့ ကတိအာမခံချက်ကော်မတီရဲ့ကိုယ်စား ဆွေးနွေးတာမဟုတ်ဘဲ ကျွန်တော်ကိုယ်တိုင်လည်း ကတိကဝတ်ပြုခြင်းခံထားရတဲ့ မဲဆန္ဒနယ်တစ်ခုရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပါဝင် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရဘက်က ပယ်ဖျက်ပေးရန် ညှိနှိုင်းလာ တဲ့အခါမှာ ကော်မတီက လက်ဝါးချင်းရိုက်ပြီးတော့ အဆိုကို တင်သလား၊ မတင်သလားတော့ သိပ်မသေချာပါဘူး။ သေချာတာတစ်ခုကတော့ အဖျက်ခံရမယ့်အထဲမှာ ကျွန်တော်တို့ကော်မတီက ဥက္ကဋ္ဌအပါအဝင် ကော်မတီဝင်တွေကိုယ်တိုင်ပါဝင်နေတယ်ဆိုတာကို တစ်ချက် ကျွန်တော်တင်ပြလိုပါ တယ်။ ဥပမာအားဖြင့် ဥက္ကဋ္ဌ ဦးဝင်းစိန်ဟာ ကြယ်ပွင့်ပြပယ်ဖျက်မယ့် စာမျက်နှာ ၇ မှာ သူ့မဲဆန္ဒနယ် ကဝအတွက် ပါသွားပါတယ်။ ကြယ်ပွင့်မပြစာမျက်နှာ ၇ မှာလည်း ဦးဝင်းစိန်၊ ကဝမြို့နယ်အတွက် ထပ်ပါပါတယ်။ ကော်မတီဝင် ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)က ကြယ်ပွင့်မပြ စာမျက်နှာ ၁၀ မှာ ပယ်ဖျက်မယ့် အဆိုပြုတဲ့အထဲပါသွားပါတယ်။ ကော်မတီဝင် ရသေ့တောင်မဲဆန္ဒနယ် (ဒေါ်ခင်စောဝေ) က ကြယ်ပွင့်ပြ စာမျက်နှာ ၉၊ ကြယ်ပွင့်မပြ စာမျက်နှာ ၁၁ မှာ ပယ်ဖျက်ရန် အဆိုပြုတဲ့အထဲမှာ ပါပါတယ်။ ကျွန်တော်ကိုယ်တိုင် သာပေါင်းမဲဆန္ဒနယ်က ဦးဝင်းသန်းအတွက် ကြယ်ပွင့်မပြ ပယ်ဖျက်ရန် စာမျက်နှာ ၃၅ မှာ စာမျက်နှာစုစုပေါင်း ၄ မျက်နှာတိတိပါသွားတယ်ဆိုတာကို ကျွန်တော်တို့အနေနဲ့ တင်ပြလိုပါတယ်။

ဒုတိယတစ်ခုကတော့ ပြည်ထောင်စုအစိုးရဘက်က ယခုလို ညှိနှိုင်းလာတဲ့အခါမှာ လွှတ်တော်ရဲ့ ပေးနိုင်တဲ့အချိန်အရ ကျွန်တော်တို့ တစ်ယောက်ချင်းကို ညှိနှိုင်းစရာမလိုဘဲနဲ့ အခုလို ဆွေးနွေးခွင့်ရအောင် Agenda မှာထည့်ပြီးတော့တင်တယ်လို့ပဲ ကျွန်တော်တို့အနေနဲ့ ယုံကြည်ပါ တယ်။ ကော်မတီရဲ့ အစီရင်ခံစာမှာ ပြန်ကြည့်ရင် ပယ်ဖျက်ပေးတာကို လက်ကိုလက်ခံရမယ့်လို့ ပါဝင်တာမျိုးမဟုတ်ဘဲနဲ့ ပယ်ဖျက်ဖို့အဆိုပြုလာတယ်။ ဒီအဆိုပြုချက်ကို အတည်ပြုပေးပါရန် ဆိုတာပဲရှိပါတယ်။ အတည်ပြုကိုပြုပေးရမယ်လို့ အတင်းအဓမ္မတင်လာတယ်လို့ ကျွန်တော်တို့ မမြင်မိ ပါဘူး။ ဒါကို ကျွန်တော်ရိုးရိုးရှင်းရှင်းပဲ တင်ပြအပ်ပါတယ်။ အဲဒီတော့ ဒုတိယအချက်အနေနဲ့ အထောက်အထားအကိုးအကားနဲ့ ကျွန်တော်တင်ပြလိုတာရှိပါတယ်။ ဒါမတင်ပြခင်မှာ ကျွန်တော်တို့

ကိုယ်စားလှယ်များ ဆွေးနွေးသွားတဲ့ အချက်များအားလုံး ကျွန်တော့်အနေနဲ့လည်း လုပ်ဖော်ကိုင်ဖက်တွေရဲ့ဆွေးနွေးချက်တွေကို သဘောတူထောက်ခံပါတယ်။ ဒီနေရာမှာ တစ်ခု ကျွန်တော်မီးမောင်းထိုးပြနေတာကတော့ တာဝန်ရှိသူက ကတိကဝတ်ပေးပြီးတဲ့အခါမှာ အကောင်အထည်ဖော်ရတဲ့သူတွေက ကျန်ခဲ့မယ့် လက်ရှိအမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြို့နယ်အဆင့်ရှိတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများဖြစ်ပါတယ်။ ဒီအဖွဲ့တွေနဲ့ ဆက်လုပ်ဖို့ထားခဲ့ရမယ့်ကိစ္စကို နောက်အစိုးရက လုပ်ပေးမှန်းမလုပ်ပေးမှန်းမသေချာလို့ ပယ်ဖျက်တယ်ဆိုရင်တော့ ဒါဟာ နောက်ထပ်တက်လာမယ့် အစိုးရက လုပ်မှန်းမလုပ်မှန်းမသေချာဘဲနဲ့ နောက်တက်လာမယ့်အစိုးရရဲ့ အဖွဲ့အစည်းတွေရဲ့ လုပ်ကိုင်ဆောင်ရွက်တဲ့ စွမ်းရည်နှင့်ဂုဏ်သိက္ခာကို ကြိုတင်ပြီးအကဲဖြတ်သလိုဖြစ်နေပါတယ်။ မဖျက်ဘဲထားခဲ့တဲ့အချိန်ကျမှာသာလျှင် နောက်ထပ်ကောင်းမွေဆိုးမွေဆက်ခံမယ့် အစိုးရရဲ့ဆောင်ရွက်မှုကို လေ့လာနိုင်မှာဖြစ်ပါတယ်။ အဲဒီအဆိုတွေဟာ မကောင်းဘူးဆိုရင်လည်း ဖျက်ဖို့အတွက် ကောင်းတယ်ဆိုရင်လည်း ဆက်လုပ်ဖို့ကတော့ အဲဒီလက်ရှိနောက်တက်လာမယ့် ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တာဝန်နဲ့ဝတ္တရားလည်းဖြစ်တယ်လို့ ကျွန်တော်တို့ ဒီလိုပဲယုံကြည်မိပါတယ်။ ဒါကြောင့်မို့လို့ ပယ်ဖျက်တယ်ဆိုတာကတော့ မဖြစ်သင့်ဘူးဆိုတာ ကျွန်တော့်အနေနဲ့လည်း ထပ်ဆင့်ထောက်ခံပါတယ်။

လေးစားအပ်ပါတဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ အခန်း(၁၁) နည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(ဂ) နောက်ဆုံးပိုဒ်မှာဘာပါလဲဆိုရင် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ယူဆချက်များနှင့် အကြံဉာဏ်များကိုပေးနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များမပြုတော့ပါဆိုတော့ ကျွန်တော်တို့ကိုယ်စားလှယ်အများစုက ဒါကြီးကိုတင်လာတာ မပြင်နိုင်တော့ဘူးလို့ထင်ပါတယ်။ ဒါကို မပြင်နိုင်တာဘဲရှိပါတယ်။ သဘောတူမတူဆိုတဲ့အပိုင်းက ကိုယ်စားလှယ်တိုင်းရဲ့ လက်ထဲမှာ အခွင့်အရေး ၁၀၀ ရာခိုင်နှုန်းကျန်နေပါတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ မီးမောင်းထိုးပြလိုပါတယ်။ နောက်တစ်ချက်ကတော့ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(ဃ)မှာလည်း အစီရင်ခံစာကို လွှတ်တော်က ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်လို့ပါပါတယ်။ သဘောတူလက်ခံရန် အဆိုတင်သွင်းတာပဲရှိပါတယ်။ သဘောတူမယ်၊ မတူဘူးဆိုတဲ့အပိုင်းက လွှတ်တော်ကိုယ်စားလှယ်များအားလုံးရဲ့ ဆန္ဒမဲတစ်ခုချင်းရဲ့ တန်ဖိုးပဲဖြစ်

ပါတယ်။ ဒါကို ကြိုပြီးတော့ သဘောတူရမှာလားလို့ စိုးရိမ်ဖွယ်ရာမရှိပါဘူး။ ထို့အတူ ဒီထက်တစ်ဆင့် ပြောရလို့ရှိရင် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌသာ တာဝန်ပေးမယ်ဆိုရင်၊ မေးမြန်းမယ်ဆိုရင် ကော်မတီဘက်ကလည်း သဘောတူရန် အဆိုတင်သွင်းခြင်းအဆင့်မှာတောင် အဆိုမတင်သွင်းတော့ပါဘူးလို့ လုပ်နိုင်တဲ့အဆင့်တောင် ကျန်နေပါသေးတယ်လို့ ကျွန်တော့်အနေနဲ့ မီးမောင်းထိုးပြလိုပါတယ်။

နောက်တစ်ခု ကျွန်တော့်အနေနဲ့ လွှတ်တော်ကို ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌရဲ့ လုပ်ပိုင်ခွင့်နှင့်ပတ်သက်လို့ တင်ပြချင်တဲ့ အကြံပြုချင်တဲ့အချက်ကတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ အခန်း(၅) နည်းဥပဒေ ၁၉ ပါ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ တာဝန်နှင့် လုပ်ပိုင်ခွင့်များရှိပါတယ်။ အဲဒီမှာ နည်းဥပဒေခွဲ အပိုဒ်(ဖ)မှာ ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းမရှိသော ကိစ္စများပေါ်ပေါက်လာလျှင်လည်းကောင်း၊ ဤနည်းဥပဒေများအတိုင်း ဆောင်ရွက်ရာတွင် အခက်အခဲတစ်ရပ်နှင့်ကြုံတွေ့ရလျှင်သော်လည်း၊ ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူဆောင်ရွက်ရမည်လို့ ပါပါတယ်။ ပုဒ်မထဲမှာ ဘာမှ ပြဋ္ဌာန်းမထားဘူးဆိုရင်တော့ လွှတ်တော်ရဲ့အဆုံးအဖြတ်သာလျှင် အဓိကရယူဖို့ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများကို လုပ်ပိုင်ပေးထားတယ်ဆိုတာရှိတဲ့အတွက် ကျွန်တော်တို့ကိုယ်စားလှယ်တော်ကြီးများက ဘာမှ စိုးရိမ်စရာမရှိဘဲနဲ့ ဒီအစိုးရကနေပြီးတော့ ပယ်ဖျက်ရန်အဆိုပြုလာတဲ့အချက်ကို ဒီအစီရင်ခံစာမှာ ပါတာကို သဘောမတူရင် သဘောမတူဘူးလို့ မိမိဆန္ဒအလျောက် ဆုံးဖြတ်ခွင့်ရှိပါကြောင်း လေ့လာတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ ။** ။ ဆွေးနွေးဖို့အတွက် စာရင်းပေးထားတဲ့အထဲမှာ မပါပေမယ့် တာဝန်ရှိတဲ့ လူတွေအနေနဲ့တော့ ကျွန်တော့်အနေနဲ့လည်း ပြောစရာရှိတာလေးကို ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော်တို့ရဲ့ လွှတ်တော်ဟာ ပထမအကြိမ်လွှတ်တော်ဖြစ်တဲ့အတွက် ကျွန်တော်တို့မှာ အတွေ့အကြုံဟာဒီငါးနှစ်ပဲရှိပါတယ်။ အစက ဒီလွှတ်တော်ရဲ့အတွေ့အကြုံဆိုတာ ပြောရရင်တော့ အများစုပေါ့။ တစ်ဦးတလေတော့ ကျွန်တော်မတွေ့ပါဘူး။ သို့သော်လည်း အများစုကတော့ အတွေ့အကြုံလည်း မရှိပါဘူး။ သို့သော်လည်းပဲ ဒီငါးနှစ်သက်တမ်းအတွင်းမှာ ကျွန်တော်တို့ကိုယ်စားလှယ်များဟာ အားကြိုးမာန်တက်နဲ့ အစွမ်းကုန်ကြိုးစားဆောင်ရွက်ခဲ့တဲ့ဟာကတော့ အများလည်းသိပြီးသား ဖြစ်ပါတယ်။ ကိုယ့်အချင်းချင်းလည်း သိနားလည်ကြပြီးသားဖြစ်ပါတယ်။ ဒီနေရာမှာ ကြယ်ပွင့်ပြတဲ့မေးခွန်းတွေရော၊ ကြယ်ပွင့်မပြတဲ့မေးခွန်းတွေရော၊ အဆိုတွေရော၊ ဥပဒေတွေရော ကျွန်တော်တို့

ကြိုးစားပြီးတော့ ဆောင်ရွက်ခဲ့ကြတာ အားလုံးအသိလည်းဖြစ်ပါတယ်။ ဒီနေရာမှာ အဆိုအဖြစ်နဲ့သော်လည်းကောင်း၊ မေးခွန်းများအဖြစ်နဲ့သော်လည်းကောင်း၊ ဥပဒေကြမ်းအဖြစ်နဲ့သော်လည်းကောင်း မတင်ပြခဲ့တာ ရှိသူရှိကောင်းရှိပါလိမ့်မယ်။ အဲဒီလူတွေကလည်းပဲ လွှတ်တော်ထဲမှာတင်ပြခြင်း၊ မေးခွန်းတွေတင်ပြခြင်းမရှိခဲ့သော်လည်းပဲ သူတို့အနေနဲ့ သက်ဆိုင်ရာသူတို့ရဲ့ မြို့နယ်ရဲ့ကောင်းကျိုးချမ်းသာများကို တစ်ဖက်တစ်လမ်းကနေပြီးတော့ ဆောင်ရွက်နေကြတာတွေဟာ ရှိပါတယ်။ ဒါတွေဟာ ဘာလဲဆိုရင် မိမိတို့နဲ့ရင်းနှီးရာ၊ ရင်းနှီးကြောင်း မိမိတို့အပေါ်မှာထားတဲ့ စေတနာအပေါ်မှာ အခြေခံပြီးတော့ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ လွှတ်တော်ထဲမှာလည်း အချိန်မကုန်ရအောင် အခြေအနေပေးရင်ပေးသလိုမျိုး ဆွေးနွေးညှိနှိုင်းပြီးတော့ မိမိတို့ရဲ့ မြို့နယ်တိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်ပေးခဲ့ကြတာတွေလည်း ပြည်သူများရော၊ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များလည်း တချို့မသိလို့ဖြစ်ပါလိမ့်မယ်။ အသံမထွက်တိုင်းလည်း မအော်တာမဟုတ်ပါဘူးခင်ဗျား။ ကျွန်တော်တို့မှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားဆောင်ရွက်နေကြတာကိုလည်းပဲ ပြည်သူများလည်း သိစေချင်ပါတယ်။ ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်များလည်းကျွန်တော်တို့ သိစေချင်ပါတယ်။ ဒါကြောင့်မို့လို့ အခုလည်းပဲ ကော်မတီက သက်ဆိုင်ရာကော်မတီ ကျွန်တော်တို့မှာဖွဲ့ထားတဲ့ကော်မတီတွေ အသီးသီးဟာ အစီရင်ခံစာတင်ပြကြဖို့ ဖြစ်ပါတယ်။ အဲဒီလို အစီရင်ခံစာတင်ပြတဲ့နေရာမှာလည်းပဲ ကော်မတီက အစီရင်ခံစာတင်ပြတာဖြစ်ပါတယ်။ ကော်မတီကို နံပါတ်(၁)အရင်ဆုံး အပြစ်မတင်လိုပါဘူး။ မတင်စေလိုပါဘူးခင်ဗျာ။ ကော်မတီအနေနဲ့ကတော့ ကော်မတီမှာပါတဲ့ တာဝန်ပေးအပ်ခြင်းခံရတဲ့ ကော်မတီဝင်များဟာ မည်သူမဆိုပဲ မိမိကိုတာဝန်ပေးရင် မိမိရဲ့တာဝန်ကိုကျေပွန်အောင် အကုန်လုံးထမ်းဆောင်ကြတာပဲဖြစ်ပါတယ်။ ဒီနေရာမှာ ပြောလိုတာကတော့ ကျွန်တော်တို့ခုနက ကျွန်တော်ပြောမယ့်အစားပဲ ကျွန်တော့်ကိုယ်စားပဲ သာပေါင်းမဲဆန္ဒနယ်က ဦးဝင်းသန်းက ပြောစရာရှိတာတွေ ဒီနည်းဥပဒေတွေမှာ ပါတာတွေလည်း ဖတ်ပြသွားပြီးသားဖြစ်တဲ့အတွက် ဒါတွေပဲ ကျွန်တော်အထူးတလည် ပြန်လည်ပြီး မတင်ပြလိုတော့ပါဘူး။ ဒါပေမယ့် ကျွန်တော်ဆက်လက်ပြောချင်တာတစ်ခုကတော့ အခုတင်ပြလာသော အစီရင်ခံစာသည် အစီရင်ခံစာတင်ပြတာဖြစ်ပါတယ်။ ခုန ကျွန်တော်မှတ်မိသလောက်ကတော့ မြေပုံမဲဆန္ဒနယ်က ကိုယ်စားလှယ်ကြီးဦးဖေသန်းဆိုရင် ကော်မတီကိုတောင်မှ အပြစ်တင်မလိုလိုပြောသွားတာရှိပါတယ်။ ကော်မတီကို အပြစ်မတင်ပါနဲ့ခင်ဗျား။ ကိုယ်ကိုယ်တိုင်ရောက်တဲ့အခါမှာ ကိုယ်ကိုတိုင်ဆောင်ရွက်ရတာ ကိုယ်အသိဆုံးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကော်မတီသည် ကော်မတီ၏တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ခြင်းသာ ဖြစ်ပါတယ်။ ကော်မတီကို အပြစ်တင်လျှင် ကိုယ့်အချင်းချင်းပဲ အပြစ်တင်သလိုဖြစ်ပါတယ်။ ကျွန်တော်တို့ အချင်းချင်းနားလည်မှုရှိဖို့လည်း အဓိကလိုအပ်ကြောင်း ကျွန်တော်ပြောလိုပါတယ်။ အစိုးရအနေနဲ့ကလည်းပဲ သက်တမ်းကကျွန်တော်တို့တောင်မှ သက်တမ်းကုန်ဆုံးတော့မယ်။ သို့သော်လည်း ကျွန်တော်တို့လက်ထဲမှာ ကျန်ရှိနေခဲ့တဲ့ ပြင်ဆင်ရန်တွေ၊ အသစ်ပြဋ္ဌာန်းရန်တွေ၊ ဥပဒေတွေကျန်နေပါသေးတယ်။ ဒီဥပဒေတွေကို ကျွန်တော်တို့က ဖျက်သိမ်းလိုက်ဖို့ မဟုတ်ပါဘူး။ ဒီဥပဒေတွေက ကျန်ရစ်ခဲ့မှာပါ။ ကျွန်တော်တို့ ပြီးနိုင်သလောက်၊ ကျွန်တော်တို့ ပြေးနိုင်သလောက်၊ ကျွန်တော်တို့အမြန်ဆုံး ပြေးတယ်။ စံချိန်လည်းကောင်းအောင် ကျွန်တော်တို့လုပ်တယ်။ အပြစ်အနာအဆာမရှိအောင်လည်း ကျွန်တော်တို့ကြိုးစားလုပ်တယ်။ ဒါကျွန်တော်တို့ရဲ့ စွမ်းရည်သတ္တိရှိသလောက်လုပ်တယ်။ မပြီးနိုင်တာကတော့ အချိန်ကာလအားဖြင့် မတက်နိုင်ရင်တော့ ကျန်ရစ်ခဲ့အုံးမှာတွေရှိပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ကို မပြီးရကောင်းလားလို့ အပြစ်တင်မယ်ဆိုရင်တော့ အပြစ်တင်လို့မရတာကို အားလုံးလည်းအသိဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်းပဲ သူတို့ရဲ့အစိုးရသက်တမ်း အတွင်းမှာမလုပ်နိုင်တဲ့အတွက် သူတို့အနေနဲ့ ပေးထားတာကတော့ ကတိကတော့ကတိပဲ။ သို့သော်လည်း သူတို့အနေနဲ့ မလုပ်နိုင်တဲ့အချိန်အတိုင်းအတာအတွင်းမှာ မပြီးတဲ့အတွက် ပယ်ဖျက်ပေးဖို့အတွက် ညှိနှိုင်းတင်ပြလာတာပဲ ဖြစ်ပါတယ်။ ခုန ဦးဝင်းသန်းပြောသလိုပဲ ကျွန်တော်တို့ကနေပယ်ဖျက်ပေးလိုက်တာကို ကော်မတီကနေပြီး လက်ခံလိုက်တယ်ဆိုပြီး တင်ပြတာမဟုတ်ပါဘူး။ ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ အစီရင်ခံစာကို တင်ပြတာ ကော်မတီရဲ့တာဝန်ဖြစ်တဲ့အတွက် ကော်မတီဟာ ထိန်ချန်ထားခြင်းလည်းမရှိတဲ့အတွက် အခု ဒီထဲမှာ ပယ်ဖျက်ရန်တင်ပြလာတာတွေကိုလည်းပဲ တင်ပြထားတာပါ။ နို့မို့သာဆိုရင် သူတို့အနေနဲ့သာ မဟုတ်မမှန်လုပ်ချင်တာဆိုလို့ရှိရင် ဒီဟာတွေကို ကျွန်တော်တို့ ထိန်ချန်ထားခဲ့မှာ ဖြစ်ပါတယ်။ ထိန်းချန်ထားခြင်းလည်း လုံးဝမရှိပါဘူး။ ကော်မတီတွေအနေနဲ့က သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးသိအောင် ကျွန်တော်တို့ တင်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ အခုနကျွန်တော်တို့ကို ပေးအပ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေအရ တင်ပြလာတဲ့ဟာကို ကျွန်တော်တို့ရဲ့ ကော်မတီမှာပါတဲ့လူတွေက လက်မှတ်ထိုးပြီးတော့ တင်ပြပါတယ်။ ကျန်တဲ့ကိုယ်စားလှယ်တွေအနေနဲ့လည်း အကြံလည်းပေးနိုင် ပါတယ်။ ထင်မြင်ယူဆချက်တွေလည်း ကျွန်တော်တို့ ပြောခွင့်ရှိပါတယ်။ သို့သော်လည်း ခုနက ဦးဝင်းသန်းပြောခဲ့သလိုပဲ တင်ပြထားတဲ့အစီရင်ခံစာအပေါ်မှာတော့ ကျွန်တော်တို့ ပြင်ဆင်လို့မရပါဘူး။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ဦးဝင်းသန်းပြောသွားတာလေးလည်း ကျေးဇူးတင်ပါ

တယ်။ သို့သော်လည်းပဲ သေသေချာချာလေးပြန်ပြီးတော့ ပိုင်းခြားကြည့်ပေးပါ။ ကျွန်တော်တို့ ဒီမှာလာတာအတည်ပြုဖို့အတွက်က အစီရင်ခံစာကို အတည်ပြုတာ။ အစီရင်ခံတဲ့ပုဂ္ဂိုလ် ကျွန်တော်တို့ အစီရင်ခံတဲ့ကော်မတီက ဒီဟာကိုကျွန်တော်တို့ ပြုစုထားပါတယ်ဆိုတာကို ကျွန်တော်တို့အနေနဲ့ လက်ခံပါတယ်။ ဒီထဲမှာပါတဲ့ အင်မီးဒီးယန့်တွေ ကျွန်တော်တို့ပါဝင်တဲ့အချက်အလက်တွေကို ကျွန်တော်တို့လက်ခံတယ်လို့ ပြောတာမဟုတ်ဘူး။ ဒါကိုတော့ ကိုယ်စားလှယ်များအားလုံး နားလည်ထားဖို့ လိုပါတယ်။ ဒီနေရာမှာ ဝေဝါးပြီးတော့ ကော်မတီဝင်တစ်ဦးကနေပြီးတော့ အဆိုတင်သွင်းမယ်။ ဒီဟာလေးကို အတည်ပြုပေးပါလို့ပြောလိုက်ရင် အတည်မပြုပါဘူးဆိုရင် ကော်မတီလူကြီးတွေလုပ်ထားတဲ့ဟာ အလဟဿဖြစ်သွားပါလိမ့်မယ်။ သူတို့မှာလည်းပဲ သူတို့ရဲ့တာဝန်ရှိသလောက် သူတို့မှာ အသိဉာဏ်ပညာပြည့်ဝသလောက် ကော်မတီမှာပါဝင်တဲ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်၏ ကိုယ်စားလှယ်များအားလုံးက တာဝန်ပေးထားခဲ့တဲ့ ၁၅ ယောက်သောပုဂ္ဂိုလ်များက အတူတကွရေးထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာက အစီရင်ခံစာကိုပဲ ကျွန်တော်တို့အတည်ပြုတာပါ။ အစီရင်ခံစာမှာပါတဲ့အချက် ပယ်ဖျက်လိုက်တယ်လို့ပြောတဲ့ဟာလည်းပဲ ပယ်ဖျက်ရန်သဘောတူပြီးဖြစ်တယ်လို့ ခုနက ဦးဝင်းသန်းလည်းပြောသွားပြီးပါပြီ။ ပယ်ဖျက်တာကို ကျွန်တော်တို့ လက်ခံထားတာလည်းမဟုတ်ပါဘူး။ ဒါလည်းပဲ ကျွန်တော်တို့ကိုယ်စားလှယ်များ သေသေချာချာနားလည်ဖို့လိုပါတယ်။ ကျွန်တော်တို့အခုအတည်ပြုတယ်ဆိုတာ ကျွန်တော်တို့ရဲ့ကတိကဝတ်များကော်မတီကနေပြီးတော့ တင်ပြတဲ့အစီရင်ခံစာကို ကျွန်တော်တို့အနေနဲ့ အတည်ပြုလိုက်တာပဲ ဖြစ်ပါတယ်။ ဒီအတည်ပြုချက်အပေါ်မှာ ဒီတိုင်းပဲလက်ခံလိုက်ရတော့မယ်။ အကုန်လုံးပြီးသွားပြီလို့ ကျွန်တော်တို့ပြောတာမဟုတ်ပါဘူး။ ကျွန်တော်ပြောတာ သေချာနားလည်လိမ့်မယ်ထင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ သိသင့်တာကလည်း လူတိုင်းလူတိုင်းကိုလည်း ကော်မတီကိုလည်းနားလည်ပါ။ မဏ္ဍာပဆိုတဲ့ အကောင်းမြင်ဝါဒနဲ့ပဲ ကြည့်ပေးပါ။ အမဏ္ဍာပဆိုတဲ့ မကောင်းမြင်ဝါဒနဲ့ မကြည့်ပေးကြပါနဲ့ခင်ဗျား။ ကျွန်တော်တို့ ကော်မတီဝင်များအနေနဲ့ ကြိုးစားအားထုတ်ပြီးတော့ ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အစီအစဉ်ကို ကျွန်တော်ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီနေရာမှာ နားလည်ဖို့ကတော့ ခုန ကျွန်တော်တို့ပြောခဲ့တဲ့အတိုင်းပဲ ဒီအစီရင်ခံစာကို အဆိုတင်သွင်းတဲ့သူဟာ အဆိုတင်သွင်းမယ်။ ကျွန်တော်တို့အနေနဲ့ အစီရင်ခံစာကို သဘောတူသလားပဲကျွန်တော်က မေးတာ။ အစီရင်ခံစာမှာက ဒီထဲမှာပါတဲ့အချက်တွေနဲ့ ကျွန်တော်က လိုက်လျောပြီးတော့ သဘောတူလိုက်ရမယ်လို့ မပြောပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်ကြီးများပြောခဲ့တဲ့အတိုင်းပဲ ကောင်းမွေဆိုးမွေကို လက်သင့်ခံရမှာဖြစ်တဲ့အတွက် နောင်လာမယ့်လွှတ်တော်ကြီးကလည်းပဲ

မူကြမ်း

ကျွန်တော်တို့ အခု ပထမအကြိမ်လွှတ်တော်က ဆောင်ရွက်သွားပြီးတဲ့ဟာတွေကိုလည်း လက်ခံရမှာဖြစ်သလို ကျန်ရစ်ခဲ့တဲ့လုပ်ငန်းတွေကိုလည်း တာဝန်အရဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ အစိုးရအနေနဲ့လည်း ကျွန်တော်နားလည်သလောက်ပြောရရင်တော့ ရှေ့အစိုးရက လုပ်ပေးခဲ့ရင်လည်း နောက်အစိုးရက ဆက်လက်ပြီးဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်တမ်းအတွင်း မှာ မပြီးနိုင်သေးတာကိုပဲ မပြီးနိုင်တဲ့အတွက် ဖြစ်နိုင်ရင်ပယ်ဖျက်ပေးဖို့လို့ သူတို့တင်ခဲ့တာလို့ပဲ နားလည်ပါတယ်။ သူတို့အစိုးရအတွက်ပါပဲ။ သို့သော်လည်း ကျွန်တော်တို့အနေနဲ့ လက်ခံတာ မဟုတ်ပါဘူးဆိုတာလေးကို နားလည်သဘောပေါက်စေချင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပါ့မယ်။ ဒီအစီအစဉ်မှာပဲ ကျွန်တော်ခုနပြောခဲ့သလိုပါပဲ အားလုံးနားလည်ထားဖို့က ကျွန်တော်တို့သည် ကော်မတီကတင်ပြသော အစီရင်ခံစာကိုပဲ ကျွန်တော်တို့ အသိအမှတ်ပြုတဲ့အနေနဲ့ ကျွန်တော်တို့ အတည်ပြုပြီးတော့ မှတ်တမ်းတင်ထားပါတယ်။ ကျွန်တော်တို့ ဒီထဲကပါဝင်တဲ့အချက်အလက်တွေအတိုင်းပဲ လက်ခံလိုက်ပြီလို့ ကျွန်တော်တို့ပြောတာ မဟုတ်ဘူးဆိုတာကိုလည်း နားလည်စေချင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ မိုက်ပေးပါ။ ဦးဘရှိန်အရင်ပြောပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခုအဆုံးအဖြတ်ပေးရမယ့် အစီအစဉ်နှင့်ပတ်သက်ပြီးတော့ အနည်းငယ်တင်ပြလိုပါတယ်။ တင်ပြခွင့်ပြုစေလိုပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ တင်ပြပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီး ခုနက ကျွန်တော်တို့ လွှတ်တော်ကို ရှင်းလင်းတင်ပြတဲ့အပေါ်မှာ ကျွန်တော်တို့ သဘောပေါက်လိုက်ရတာကတော့ ဒီအစီရင်ခံစာကို အတည်ပြုလိုက်ရုံနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေစိုးရိမ်နေကြတဲ့ အစိုးရရဲ့ ကတိကဝတ်တွေ ပျက်သွားမသွားဆိုတဲ့ သံသယမရှင်းသေးပါဘူး။ ဒီအစီရင်ခံစာကို လက်ခံလိုက်တယ်ဆိုလို့ရှိရင် အစိုးရက ပေးထားတဲ့ကတိကဝတ်တွေကို ပယ်ဖျက်ဖို့၊ တောင်းထားတဲ့တောင်းခံချက်တွေကို လက်ခံလိုက်တဲ့သဘောလို့ပဲ ကျွန်တော်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်တွေက အဲဒီလိုပဲ နားလည်ထားကြတဲ့အတွက်ကြောင့် ဒီအစီရင်ခံစာကို အတည်ပြုပေးပါလို့ တင်ပြလိုက်တဲ့အခါ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက သဘောတူလိုက်လို့ရှိရင် အစီရင်ခံစာပါ ကတိကဝတ်တွေကို နိုင်ငံတော်အစိုးရက ပယ်ဖျက်ဖို့ရာကို ကျွန်တော်တို့ လက်ခံလိုက်တယ်ဆိုတဲ့သဘောမျိုးပဲ ကျွန်တော်တို့က

မှတ်ယူနေရတဲ့အတွက်ကြောင့် ဒုတိယဥက္ကဋ္ဌကြီးပြောတဲ့ ရှင်းလင်းချက်နဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့နားလည်ချက်တွေဟာ တစ်မျိုးတစ်ဖုံများ ကွဲလွဲနေတယ်လို့ ကျွန်တော်က အဲဒီလို သဘောရတဲ့အတွက်ကြောင့် တင်ပြဆွေးနွေးတင်ပြလိုပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ခုနက ဦးသန်းနွယ်လား မိုက်တောင်းထားတာ။

**ဦးသန်းနွယ်(ဘုတလင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ပြည်သူ့လွှတ်တော်အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၀၀ နည်းဥပဒေအပိုဒ်ခွဲ(ဃ)အရ လွှတ်တော်က သဘောတူလက်ခံရန် ဘုတလင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသန်းနွယ်က အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ဦးခိုင်မောင်ရည်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကော်မတီရဲ့ တင်ပြချက်အစီရင်ခံစာထဲမှာ နောက်ဆုံးအပိုဒ်မှာ ကော်မတီ၏တင်ပြချက်ဆိုတာပါပါတယ်။ အဲဒီ ကော်မတီရဲ့ တင်ပြချက်နောက်ဆုံးအပိုဒ်မှာ ပယ်ဖျက်ရန်တင်ပြထားသောလုပ်ငန်းများဖြစ်သည့် ကြယ်ပွင့်ပြ ၁၆ ခု၊ ကြယ်ပွင့်မပြ ၆၅ ခုနှင့် အတည်ပြုအဆို ၃ ခုတို့ကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဆိုတာပါပါတယ်။ အဲဒီအတွက် အခုအစီရင်ခံစာသည် ဒီပယ်ဖျက်ဖို့တင်ပြတဲ့အစီရင်ခံစာလိုဖြစ်နေတဲ့အတွက် ဒီကော်မတီရဲ့တင်ပြချက်ဆိုတာ နောက်ဆုံးအပိုဒ်မှာ တစ်စုံတစ်ရာမှတ်ချက်နဲ့ ပြင်ဆင်ပြီးမှ အတည်ပြုပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဒေါ်နန်းဝါနု။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)။** ။ ဒီကော်မတီရဲ့တင်ပြချက်က တအားကြီးအရေးကြီးပါတယ်ရှင့်။ အဓိကရေးထားတဲ့ ပယ်ဖျက်ရန်တင်ပြထားတဲ့လုပ်ငန်းများဖြစ်သည့် ကြယ်ပွင့်ပြ ၁၆ ခု၊ ကြယ်ပွင့်မပြ ၆၅ ခုနှင့် အတည်ပြုအဆို ၃ ခုတို့ကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါသည်ဆိုတဲ့ကိစ္စကို ကျွန်မမေတ္တာရပ်ခံချင်တာက ပြည်သူ့လွှတ်တော်မှ အစိုးရ၏အာမခံချက်များ၊

ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို ပြန်ပြီးတော့ တင်ပေးသင့်ပါတယ်ရှင့်။ ဒီကိစ္စကို။ နောက်ပြီးရင် (၂/၂၀၁၅) မှာလည်း တစ်ခုထပ်ပါပါသေးတယ်။ (၂/၂၀၁၅) ဝေထားတဲ့အစီရင်ခံစာမှာလည်း အဲလိုမျိုးပဲရေးထားပါတယ်ရှင့်။ အဲဒါကြောင့် ဒီပယ်ဖျက်ရန် တင်ပြထားတဲ့ (၂/၂၀၁၅) နဲ့ (၃/၂၀၁၅) အစီရင်ခံစာ နှစ်ခုစလုံးကို ပြန်ပြီးတော့ရေးစေချင်ပါတယ်ရှင့်။ ဒီတိုင်းပဲလာမယ်ဆိုလို့ရှိရင်တော့ ကျွန်မတို့ ကိုယ်စားလှယ်အနေဖြင့် လုံးဝသဘောမတူနိုင်ပါဘူးရှင့်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ကော်မတီအနေနဲ့ ရှင်းလင်းစရာရှိရင် ရှင်းလင်းပေးပါ။

**ဦးဝင်းစိန်(ဥက္ကဋ္ဌ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)။** ။ ဒီလွှတ်တော်ထဲမှာ ကတိပေးထားတဲ့လုပ်ငန်းတွေ၊ လွှတ်တော်ပြင်ပ အစိုးရဝန်ကြီးဌာနတွေကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေကို စာနဲ့တစ်ယောက်ချင်းရေးပြီးတော့ ကတိပေးထားတဲ့လုပ်ငန်းတွေ ကျွန်တော်တို့ ကော်မတီက မှတ်တမ်းတင်ပါတယ်။ မှတ်တမ်းတင်ပြီးတော့ အဲဒီအစီရင်ခံစာတွေကို ကျွန်တော်တို့က အစည်းအဝေး တစ်ခါတစ်ခါကျင်းပပြီးတိုင်း အစိုးရအဖွဲ့ကိုခေါ်ပြီးတော့ ကျွန်တော်တို့ ရှင်းလင်းပြီးတော့ လွှတ်တော်ကို အကြိမ်တိုင်းတင်ပြခဲ့ပါတယ်။ အဲဒီအစီရင်ခံစာ တင်ပြတဲ့အခါမှာလည်း ကျွန်တော်တို့က ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၉၆ ကနေ ၁၀၀ ပေါ့လေ။ အဲဒီမှာပါတဲ့အတိုင်း ကျွန်တော်တို့ အမြဲတမ်းတင်ပြခဲ့ပါတယ်။ အခုဥစ္စာကလည်း အစိုးရအဖွဲ့ကနေပြီးတော့ ကျွန်တော်တို့ ခုနက နောက်ဆုံးဖတ်သွားတဲ့ ကော်မတီ၏ တင်ပြချက်ဆိုတဲ့ထဲမှာ အပိုဒ် ၇ မှာပါပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ၂၆-၈-၂၀၁၅ ရက်နေ့တွင် ပြီးဆုံးပြီးနောက် ၂၇-၈-၂၀၁၅ ရက်နေ့မှ ၃၁-၁၀-၂၀၁၅ ရက်နေ့အထိ ကာလအတွင်း ကတိဖြစ်ထားသော ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြအတည်ပြုအဆိုများနဲ့ လက်ရှိလွှတ်တော်သက်တမ်းတွင် ပြီးစီးနိုင်ခြင်းမရှိသည့် လုပ်ငန်းများဖြစ်သည့် ဒီလွှတ်တော်သက်တမ်းမှာမပြီးစီးနိုင်ဘူး။ အဲဒါတွေက ဘာတွေလည်း ဘဏ္ဍာငွေခွဲဝေရရှိမှုမရှိခြင်း၊ ခုနက ကတိတော့ပေးထားတယ် ဘဏ္ဍာငွေကတင်တယ်

တိုင်းက တင်ပေမယ့် ဘဏ္ဍာရေးကော်မရှင်ကရော၊ လွှတ်တော်ကရော ဘဏ္ဍာငွေခွင့်မပြုလို့ မပေးနိုင်လို့ မပြီးနိုင်တဲ့လုပ်ငန်း၊ နောက်တစ်ခုကတော့ လုပ်ငန်းသဘောသဘာဝအရ နှစ်ရှည်ဆောင်ရွက်ရမယ့်လုပ်ငန်း၊ ဥပမာ ၂၀၁၇-၂၀၁၈ ကျမှလုပ်ပေးမယ့်လုပ်ငန်း၊ ၂၀၁၉-၂၀၂၀ မှလုပ်ပေးမယ့်လုပ်ငန်း အဲဒီလိုလုပ်ငန်းတွေ ဒီလွှတ်တော်အတွင်း၊ ဒီအစိုးရသက်တမ်းအတွင်းမှာ မပြီးနိုင်တဲ့လုပ်ငန်းတွေ။ နောက်တစ်ခုကတော့ အစိုးရအဖွဲ့ကနေပြီးတော့ ဒီလုပ်ငန်းတွေကို မပြီးနိုင်ဘူး။ ဒီအစိုးရလက်ထက်မှာ အဲဒါကြောင့်မို့လို့ ဒီလုပ်ငန်းတွေကိုတော့ ပယ်ဖျက်ပေးဖို့ဆိုပြီးတော့ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြလာပါတယ်။ တင်ပြတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကလည်း ကျွန်တော်တို့ကော်မတီကိုပဲ ချပေးတဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒါတွေကို အစီရင်ခံစာပြုစုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေကို ဝေထားတဲ့အထဲမှာ CD လည်း တစ်ခွေပါပါတယ်။ အဲဒီ CD လည်း ဖွင့်ကြည့်ပါ။ ကျွန်တော်တို့ အသေးစိတ်လုပ်ငန်းတွေ၊ ဘာတွေဆိုတာပါပါတယ်။ အဲဒါကြောင့်မို့လို့ ဒီလုပ်ငန်းတွေကိုတော့ အစိုးရအဖွဲ့ကနေပြီးတော့ ကျွန်တော်တို့ ဒီလွှတ်တော်သက်တမ်း၊ ဒီအစိုးရသက်တမ်းအတွင်းမှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိတဲ့အတွက်ကြောင့် ပယ်ဖျက်ပေးပါဆိုပြီး တင်ပြလာပါတယ်။ ညှိနှိုင်းလာတာပေါ့ ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌဆီ ညှိနှိုင်းလာတဲ့အတွက်ကြောင့် ကျွန်တော်တို့ ကော်မတီကို ချပေးတဲ့အတွက်ကြောင့် ကော်မတီကလည်း တာဝန်အရ လွှတ်တော်ကိုယ်စားလှယ်တွေ အားလုံးကို ဖြန့်ဝေပြီးတော့ ကျွန်တော်တို့ အစီရင်ခံစာကို အတည်ပြုပေးဖို့ တင်ပြတာပဲဖြစ်ပါတယ်။ ကျွန်တော်တို့က ထိန်ချန်ခြင်း၊ လျှို့ဝှက်ထားခြင်းမရှိပါဘူး။ သို့သော် ဒါမလုပ်ပေးနိုင်ဘူးဆိုလို့ရှိရင် လွှတ်တော် ကနေပြီးတော့ ဆုံးဖြတ်တဲ့အတိုင်း အစိုးရအဖွဲ့ကို ပြန်ပြီးတော့ စာရေးရုံပဲရှိပါတယ်။ အဲဒီတော့ နှစ်ရှည်မှာလုပ်ရမယ့်လုပ်ငန်းကတော့ ဘယ်လိုမှ လုပ်နိုင်မှာမဟုတ်ပါဘူး။ ဘတ်ဂျက်ကလည်း REဘတ်ဂျက် ၂၀၁၅-၂၀၁၆ ခုနှစ်မှာ အချိန်မမီနိုင်တော့ပါဘူး။ နောက်တစ်ခုက အစိုးရအဖွဲ့အား ကျွန်တော်တို့ နောက်အကျဆုံး နောက်ထပ်နှစ်လပေါ့။ နှစ်လအတွင်းမှာ ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ လုပ်ငန်းတွေဖြစ်တဲ့အတွက်ကြောင့် သူတို့ကနေပြီးတော့ ပယ်ဖျက်ပေးဖို့ တင်ပြလာတာကြောင်းကျိုးဆီလျော်ပါတယ်။ ဆီလျော်တဲ့အတွက်ကြောင့် ကျွန်တော်တို့က လွှတ်တော်ကို တင်ပြတယ်။ ခုနက ပြောသလိုပဲ လွှတ်တော်ကလည်း ဒါပထမအကြိမ် ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကလည်း နောက်နှစ်လလောက်နေစတော့မှာ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်မှာ ဒီကတိတွေကို ဆက်ပြီးတော့ဆောင်ရွက်သွားလို့ရပါတယ်။ ထပ်မေးရင်လည်းရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ဒီမြို့နယ်ပဲ၊ ဒီမြို့နယ်က လွှတ်တော်ကိုယ်စားလှယ်က နောက်လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကို လွှဲပေးလို့လည်းရပါတယ်။ ဒါကို ကျွန်တော့်လက်ထက်မှာ ကတိ

ပေးထားတယ်။ မပြီးသေးဘူး။ ဒါကိုဆက်မေးပေးပါ။ ဒါလုပ်ရင်လည်း ရပါတယ်။ နောက်တစ်ခုက အစိုးရအဖွဲ့ကလည်း ဒီတိုင်းပါပဲ။ ဒီဥစ္စာကို အခုအစိုးရအဖွဲ့အတွင်းမှာ မလုပ်ပေးနိုင်ဘူး။ နောက်အစိုးရကျလို့ရှိရင် ဆက်လုပ်ပေးပါဆိုပြီး ဒီလိုလုပ်ရင်လည်းရပါတယ်။ နည်းလမ်းကတော့ ကျွန်တော်တို့အနေနဲ့ကတော့ ဒါလွှတ်တော်ဥက္ကဋ္ဌဆီတင်ပြပြီးတော့ လွှတ်တော်ရဲ့ဆုံးဖြတ်ချက်ကို အစိုးရအဖွဲ့ကို ပြန်ပြီးတော့ ညှိနှိုင်းအကြောင်းကြားဖို့ တာဝန်ပဲရှိပါတယ်။ ကျွန်တော့်အနေနဲ့တင်ပြချင်တာကတော့ ဒီလောက် ပါပဲ။

**ဒုတိယဥက္ကဋ္ဌ**။ ။ဦးဝင်းသန်းပြောပါ။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ကျွန်တော်တင်ပြပြီးတဲ့အထဲမှာပါပါတယ်။ နည်းဥပဒေအရ သဘောတူလက်ခံရန် အဆိုတင်သွင်းတာပဲ ရှိပါတယ်။ သဘောတူလက်ခံကို လက်ခံရမယ်ဆိုတဲ့ပြဋ္ဌာန်းချက်လို့မပါသလို ကျွန်တော်တို့ အခက်အခဲ အကြပ်အတည်းတွေ့တဲ့အခါမှာလည်း လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုသာ ရယူဖို့လုပ်ပိုင်ခွင့်ရှိထားတာ ဖြစ်တဲ့အတွက် ဒီလုပ်ပိုင်ခွင့်ကို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ကိုယ်စားလှယ်ကြီးများက ကျွန်တော်တို့ ကော်မတီများကို ဘာမှပုဂ္ဂိုလ်ရေးအားဖြင့်လည်းကောင်း၊ ကော်မတီအားဖြင့် လည်းကောင်း အားနာမှုမရှိဘဲနဲ့ မိမိတို့ရဲ့ဆန္ဒအတိုင်း ဆုံးဖြတ်ပေးစေလိုပါတယ်။ ဒီနေရာမှာ Highlight လုပ်လိုတာကတော့ ဒေါ်နန်းဝါနုနဲ့ ဦးခိုင်မောင်ရည်တင်သွားတာမှန်ပါတယ်။ ကျွန်တော်တို့က အစီရင်ခံစာဆိုပေမယ့် နောက်ဆုံးအပိုဒ်မှာ နိဂုံးချုပ်ပြီးတော့ ပယ်ဖျက်ဖို့အတည်ပြုပေးပါရန် ဆိုတဲ့စာသားကြီးပါတဲ့အတွက် အတည်ပြုလိုက်ရင် ပယ်ဖျက်တာကြီး အတည်ဖြစ်သွားမယ်ဆိုတာကတော့ အထင်းသားဖြစ်နေတဲ့အတွက် တစ်ခုလုံးကို ပြန်ရေးရင်ရေး၊ မရေးရင် အတည်မပြုဘူးဆိုတဲ့ အပိုင်းမျိုးလုပ်မှသာလျှင် ခုနက ကော်မတီဥက္ကဋ္ဌတင်ပြသလို အစိုးရကို ကျွန်တော်တို့ အကြောင်းပြန်နိုင်ဖို့ အခွင့်အလမ်းလုပ်ထုံးလုပ်နည်းအရ ဖြောင့်ဖြောင့်မှန်မှန်ဖြစ်သွားမယ်လို့ယူဆတဲ့အတွက် တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဆုံးဖြတ်ရမှာကတော့ အားလုံးလည်းသဘောတူထားပြီးသားဖြစ်ပါတယ်။ ခုနက ပြောတဲ့ ကျွန်တော်တို့ရဲ့ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌကြီးလည်းပဲ တင်ပြသွားပြီးပါပြီ။ တကယ်တမ်းခုနက ကျွန်တော်ပြောခဲ့တဲ့အတိုင်းပဲ အကောင်းမြင်ဝါဒလေးနဲ့ ကြည့်မယ်ဆိုရင်တော့ သူ့လက်ထက်မှာ သူမလုပ်ပေးနိုင်တော့တဲ့အနေအထား ခုနက ပြောထားတဲ့ကာလ

အပိုင်းအခြားလေးလည်းပါပါတယ်။ ၂၇-၈-၂၀၁၅ ရက်နေ့မှ ဘယ်လောက်ထိအတွင်းဆိုတဲ့ဟာလေး တွေလည်းပါလာတဲ့အခါကျတော့ မဖြစ်နိုင်တဲ့ဟာတစ်ခုကို ကျွန်တော်တို့က ကတိကဝတ်ကြီးယူထားတဲ့ အခါကျတော့လည်း ဒီကတိကဝတ်ကြီးက အဖတ်တင်နေမှာစိုးပါတယ်။ ဒါကလည်းပဲ ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီးရဲ့ စိုးရိမ်ပူပန်မှုပါ။ ကျွန်တော်တို့အနေနဲ့လည်း နားလည်ပေးဖို့ကတော့ မလုပ်နိုင်တဲ့ဟာ တစ်ခုကိုလည်းပဲ ဇွတ်အတင်းကြီးလုပ်ခိုင်းတယ်ဆိုရင် တကယ်တမ်းပြောရရင် ကျွန်တော်တို့ရော ကင်းသလားဆိုတော့ ကျွန်တော်တို့ရဲ့ ဘတ်ဂျက်တွေ ခွဲဝေချထားပေးတဲ့အခါမှာ ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ကလည်းပဲ ဘယ်ဘတ်ဂျက်ကတော့ဖြင့် များတယ်၊ နည်းတယ် ဆိုပြီးတော့ ကျွန်တော်တို့တွေ ပိုင်းခြားပြီးတော့ လုပ်ခဲ့တာတွေလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်လုပ်လိုက်တဲ့၊ ကိုယ်သတ်မှတ်ပေးလိုက်တဲ့၊ ကိုယ်ခွင့်ပြုပေးလိုက်တဲ့ ဘတ်ဂျက်တွေမှာ မလုံလောက်တဲ့အခါကျတော့ အစိုးရအနေနဲ့လည်း တချို့လုပ်ငန်းတွေမှာ ဆောင်ရွက်ပေးဖို့ရာ အခက် အခဲရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူ့ဘက်ကိုယ့်ဘက်ကျွန်တော်တို့နားလည်ပြီးတော့ ဆောင်ရွက် ပေးမယ်ဆိုရင်တော့ ဒီကိစ္စက ဘာမှအခက်အခဲမရှိပါဘူးခင်ဗျား။ ကျွန်တော်တို့လည်းပဲ ကျွန်တော် တို့ရဲ့ လုပ်ငန်းများကို ဒီကာလအတွင်းမှာ ပြီးအောင်မလုပ်ပေးနိုင်သလို သူတို့ဘက်မှာလည်းပဲ သူတို့ရဲ့ ကာလအတွင်းမှာလည်း သူတို့ဘက်ကပြီးအောင်လုပ်မပေးနိုင်တဲ့ အခြေအနေတွေရှိပါတယ်။ ဒါတွေက လည်း ကျွန်တော်တို့ ချက်ချင်း ဤဖွဆိုပြီးမန်းလို့မရတဲ့ကိစ္စတွေပါ။ ကျွန်တော်တို့အနေနဲ့ ခုနကပြောတာ ပြန်ပြောရရင်တော့ ကျွန်တော်တို့ရဲ့ ဥပဒေ၊ နည်းဥပဒေအတိုင်း ကျွန်တော်တို့ဆောင်ရွက်ပါမယ်။ ဆောင်ရွက်တဲ့နေရာမှာ စိုးရိမ်ပူပန်နေကြတဲ့ ကိုယ်စားလှယ်များအနေနဲ့လည်းပဲ စိုးရိမ်ပူပန်တာကို ကျွန်တော် အပြစ်မပြောလိုပါဘူးခင်ဗျား။ အများအကျိုးအတွက် ဆောင်ရွက်ကြတာဖြစ်တဲ့အတွက် ကျွန်တော်တို့လည်းပဲ အများအကျိုးအတွက်ကိုလည်းပဲ ဖြစ်စေချင်တာပါ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့လည်းယုံကြည်တယ်။ ယုံကြည်တယ်ဆိုတာ တခြားမဟုတ်ဘူး။ ကော်မတီတွေကို လည်းပဲ ကျွန်တော်ယုံကြည်တယ်။ ကိုယ်စားလှယ်များအားလုံးကိုလည်းပဲ ယုံကြည်တယ်။ ဆောင်ရွက် ပေးမယ့်ပုဂ္ဂိုလ်များလည်းပဲ ကတိကဝတ်ပေးထားတာဟာ စာနဲ့ပေနဲ့မဟုတ်တော့ပေမယ့်လည်း သူတို့ ရင်ထဲမှာတော့ ဆန္ဒစေတနာတွေကျန်ရစ်ခဲ့မှာပါ။ ဒါကြောင့်မို့လို့ ခုနက ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်များ ဟာ နောက်တက်လာမယ့် ကိုယ်စားလှယ်များကို လက်ဆင့်ကမ်းလွှဲပေးသလိုမျိုးပဲ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း နောက်တက်လာမယ့်ပုဂ္ဂိုလ်ကို တာဝန်အရ အကုန်လုံးလွှဲပေး ခဲ့မှာ အမှန်ပါပဲခင်ဗျား။ ဒါကြောင့်မို့လို့ နိုင်ငံတော်ရဲ့ကောင်းကျိုးချမ်းသာမှန်သမျှကို၊ တိုင်းသူ ပြည်သားအားလုံး ဝိုင်းဝန်းပြီးတော့ ဆောင်ရွက်ကြမှာဖြစ်တဲ့အတွက် အားလုံးကို ကျွန်တော်ယုံကြည်

ပါတယ်။ သို့သော်လည်း ဒီနေ့တော့ ဆောင်ရွက်စရာရှိတဲ့လုပ်ငန်းတော့ ကျွန်တော်တို့ ဆက်လက်ပြီးအောင် ဆောင်ရွက်ပါမယ်။ နောက် ဘုတလင်မဲဆန္ဒနယ်က ဦးသန်းနွယ်က အဆိုတင်သွင်းထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုအတိုင်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားပါမယ်။ ဒါကြောင့်မို့လို့ ဒီအဆိုအတိုင်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ပါမယ်။ ခုနက ဦးဝင်းသန်းပြောတဲ့အတိုင်း ကိုယ်စားလှယ်များအနေနဲ့လည်း မိမိတို့ရဲ့ဆန္ဒရှိတဲ့အတိုင်း မိမိတို့ဆောင်ရွက်နိုင်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ရဲ့ ကတိကဝတ်များနဲ့ပတ်သက်တဲ့ အစီရင်ခံစာကို ဘုတလင်မဲဆန္ဒနယ်က ဦးသန်းနွယ်က အဆိုတင်သွင်းသွားပြီးဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ဒီအဆိုကို အတည်ပြုနိုင်ဖို့အတွက် လွှတ်တော်ရဲ့ သဘောထားကို ရယူလိုက်ပါမယ်။ အစိုးရရဲ့အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။ သဘောမတူဘူး၊ တူတယ်ဆိုတဲ့နေရာမှာ ဒီလိုဆိုရင်တော့ မဲနဲ့ခွဲလိုက်ရင် ပိုပြီးတော့ ထင်ရှားသွားမယ်ထင်ပါတယ်။ ကျွန်တော်တို့ ဆန္ဒပြုဖို့အတွက် အသင့်ပြင်ဆင်လိုပါတယ်။ မဲပေးဖို့အတွက်ကို စီစဉ်ပေးပါခင်ဗျား။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ထောက်ခံဆန္ဒမဲများတဲ့အတွက် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ကျွန်တော် ပြန်ပြီးတော့ ဖြည့်စွက်ပြောပါရစေ။ ကျွန်တော်တို့အနေနဲ့ ခုနက ကျွန်တော်ပြောခဲ့သလိုပါပဲ လူတိုင်းလူတိုင်းဟာ ကျွန်တော်တို့ရဲ့ Gentleman Agreement ဆိုတာဟာ အင်မတန်ကို တန်ဖိုးရှိပါတယ်။ စာနဲ့ပေနဲ့မဟုတ်ပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ ယုံကြည်ချက်ထားပေးပါခင်ဗျား။ ကျွန်တော်တို့ရဲ့ ကော်မတီလူကြီးများက စေတနာထားသလိုပဲ တစ်ဖက်ကလည်းပဲ တာဝန်ရှိတဲ့လူအားလုံးဟာ စေတနာနဲ့ဆောင်ရွက်ပေးမှာဖြစ်တယ်လို့ ယုံကြည်ချက်ထားပေးပါခင်ဗျား။ ဒါကျွန်တော့်ရဲ့ မေတ္တာရပ်ခံချက်ပါ။ အဲဒါဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ စေတနာမေတ္တာဟာ ယောင်ပြန်ဟပ်ပြီးတော့ အကောင်းဆုံးဖြစ်လာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်ခင်ဗျား။

**အစည်းအဝေး ဒုတိယနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

မူကြမ်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ကို ဆက်လက်ဆောင်ရွက်ချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ တင်သွင်းခဲ့တဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်သုံးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ တင်သွင်းသော တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာနှင့်ပတ်သက်၍ ဝေဖန်အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)အရ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်ဟူသော ပုဒ်မနှင့်အညီ တရားဥပဒေစိုးမိုးပြီး ပြည်သူများကို အထောက်အကူဖြစ်စေရန် တရားဥပဒေစိုးမိုးရေးဌာနများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ Rule of Law Centre Pilot Project သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်တာကိုတွေ့ရပါတယ်။ ကော်မတီဥက္ကဋ္ဌအနေနဲ့လည်း Rule of Law Centre မှာ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့မှာ ဥပဒေပြုရေးမဏ္ဍိုင်တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ကြားပြီးတော့ တရားဥပဒေစိုးမိုးရေးကို ပါဝင်ဆောင်ရွက်ကြဖို့ မိန့်ကြားထားတာကိုလည်း တွေ့ရပါတယ်။ မှန်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ လွှတ်တော်က ပြည်သူတွေကို အကျိုးပြုတဲ့ဥပဒေတွေ၊ ကာကွယ်တဲ့ဥပဒေတွေပြဋ္ဌာန်းလိုက်ပါသော်လည်း ဒီဥပဒေကို လေးစားလိုက်နာဖို့ Binding Force လို့ခေါ်တဲ့ လိုက်နာရန်အရေးယူဆောင်ရွက်မှုတွေ လိုအပ်ပါတယ်။ အရေးယူဆောင်ရွက်မှုအတွက် ဥပဒေလိုက်နာကျင့်သုံးကြတဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့တွေဟာ အဂတိမလိုက်စားဘဲ ထိထိရောက်ရောက် ရိုးရိုးသားသားဆောင်ရွက်မှုရှိမှသာ တရားဥပဒေစိုးမိုးရေးဆိုတာ ပီပြင်လာမှာဖြစ်ပါတယ်။ ဒီလိုပီပြင်ဖို့ဆိုရင်လည်း အုပ်ချုပ်ရေးက တရားစီရင်ရေးကို ဝင်ရောက်မစွက်ဖက်ဘဲနဲ့ တရားစီရင်ရေးအဖွဲ့အနေနဲ့ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်နိုင်ဖို့ လိုအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြား စာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီဝင် တစ်ဦးလည်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ကော်မတီကို ရောက်လာတဲ့တိုင်ကြားစာတွေထဲမှာ ပြည်သူများရဲ့ခံစားချက်တွေ အများ ကြီးပါပါတယ်။ တရားရုံးအချို့၊ ဥပဒေရုံးအချို့၊ ပြည်သူ့ရဲတပ်ဖွဲ့အချို့မှာ အဂတိလိုက်စားပြီးတော့ ဆောင်ရွက်မှုတွေကြောင့် ပြည်သူတွေဟာ ဥပဒေရဲ့ အကာအကွယ်ကို အမှန်တကယ်မရရှိဘဲနဲ့ တရား ဥပဒေစိုးမိုးမှုကို ပျက်ပြားစေတာကို တွေ့ရပါတယ်။ အချို့ကလည်း အုပ်ချုပ်ရေးအဖွဲ့အစည်းရဲ့ လွှမ်းမိုးမှုခံရပြီး ဘရာကတိလိုက်စား စီရင်တယ်လို့ ယူဆတဲ့အမှုတွေလည်း တွေ့ရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်မှာ တရားရေးမဏ္ဍိုင်ကို ထိန်းကျောင်းဖို့ အတွက် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဆိုပြီးတော့ ကော်မတီနှစ်ရပ် ရှိပါတယ်။ ဒီကော်မတီနှစ်ရပ်အနေနဲ့ အပြန်အလှန်ထိန်းကျောင်းမှု သဘောတရားအရ တရားရေး မဏ္ဍိုင်ကို ထိန်းကျောင်းသော်လည်းပဲ တာဝန်နဲ့လုပ်ပိုင်ခွင့် ရရှိမှုနည်းပါးနေတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ထိရောက်မှုလည်း သိပ်မရှိပါဘူး။ ဒါ့ကြောင့် နောင်လာမယ့် လွှတ်တော်များမှာ တရားရေး မဏ္ဍိုင်ကို ဝင်ရောက်စွက်ဖက်မှုသဘောမပါတဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကော်မတီနှစ်ရပ်အတွက် ထပ်မံတိုးမြှင့်ပေးပါလျှင် ပို၍အပြန်အလှန်ထိန်းကျောင်းမှု အားကောင်းလာမည်ဖြစ်ကြောင်း အကြံပြု ဆွေးနွေးအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ဆွေးနွေးလိုသည်မှာ တရားဥပဒေစိုးမိုးလာပြီး တည်ငြိမ်အေးချမ်းမှုဖြစ်လာစေရန်အတွက် တရားစီရင်ရေးအဖွဲ့၊ ဥပဒေဝန်ထမ်းများ၊ ပြည်သူ့ရဲတပ်ဖွဲ့ များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် အဂတိကင်းကင်းနဲ့ ဘက်မလိုက်ဘဲ ဥပဒေနှင့်အညီ တရား မျှတသော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးမယ်ဆိုလို့ရှိရင် တရားဥပဒေစိုးမိုးပြီး တည်ငြိမ် အေးချမ်းသာယာကာ သာယာဝပြောသော နိုင်ငံအသစ်ကြီးကို ချီတက်နိုင်ပြီဖြစ်ကြောင်း ထောက်ခံ ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ (၁၃)ကြိမ်မြောက် ပြည်သူ့ လွှတ်တော် ဒုတိယနေ့အစည်းအဝေးမှာ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေးကော်မတီက တင်သွင်းတဲ့ အစီရင်ခံစာအပေါ်မှာ ဝေဖန်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

အဲဒီလိုမဆွေးနွေးခင် အခုနက အစိုးရအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအစီရင်ခံစာပေါ်မှာ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးက ကျွန်တော့်အပေါ်မှာ ပြောတာလေးကျွန်တော်နည်းနည်းလောက်များပြန်ပြောချင်ပါတယ်။ ကော်မတီကို အပြစ်မတင်ပါနဲ့ဆိုပြီးတော့ ကျွန်တော်တို့ ပြောပါတယ်ခင်ဗျ။ ဒါဝေဖန်တယ်ဆိုတာတော့ အားနည်းချက်တွေကိုထောက်ပြရတာဖြစ်ပါတယ်။ အဲဒီအချိန်မှာ အပြစ်တင်တဲ့သဘောမျိုးတော့ မဟုတ်ပါဘူး။ အားနည်းချက်တွေရှိတယ်ဆိုတာကိုမပြောရင် ကျွန်တော်တို့က အကုန်လုံးကောင်းပါသည်။ ဘုန်းတော်ဘွဲ့ သီချင်းတွေချည်းပဲ ကျွန်တော်တို့ ဆိုနေမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ရဲ့တာဝန် မကျေပွန်မှာစိုးလို့ အားနည်းချက်တွေကိုထောက်ပြရခြင်းဖြစ်ပါတယ်။ ကော်မတီအနေနဲ့၊ ကျွန်တော့်အနေနဲ့ ဘာမှ အာဃာတတရားရှိစရာအကြောင်း မရှိပါဘူးဆိုတာကို ဥက္ကဋ္ဌကြီးကို ကျွန်တော်ပြန်ရှင်းပြပါတယ်ခင်ဗျ။ ဒီမှာလည်းပဲ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အားနည်းချက် တချို့တစ်ဝက်ရှိခဲ့တာကိုလည်း ထောက်ပြမှာဖြစ်ပါတယ်။ ဘယ်လိုမှ အာဃာတရှိလို့ မဟုတ်ပါဘူးဆိုတာကိုလည်း ကြိုတင်ရှင်းလင်းလိုပါတယ်။ အစီရင်ခံစာမှာဖော်ပြချက်အရ ကော်မတီကို ၇-၈-၂၀၁၂ ခု ဖွဲ့စည်းခဲ့တာ သိရပါတယ်။ အခုဆိုရင် ကော်မတီရဲ့သက်တမ်းဟာ သုံးနှစ်ကျော်လာပြီဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာဟာ ပထမအကြိမ် လွှတ်တော်ရဲ့နောက်ဆုံးအစည်းအဝေး တစ်နည်းအားဖြင့် ကော်မတီရဲ့ နောက်ဆုံးအစီရင်ခံစာဖြစ်တာကြောင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်တဲ့အခါမှာ ဘယ်လိုဆောင်ရွက်ခဲ့တယ်။ ဘယ်လိုအောင်မြင်မှုတွေရခဲ့တယ်။ ဘယ်လို အခက်အခဲတွေ ကြုံခဲ့ရတယ်။ တကယ်တမ်းအောင်မြင်မှုကို ရနိုင်အောင် ဘယ်လိုဆောင်ရွက်ဖို့ လိုအပ်တယ် စသည်ဖြင့် ခြုံငုံသုံးသပ်ပြီးတော့ အဖြေတစ်ခုကို ရနိုင်လောက်တဲ့ လက်ကိုင်ထားရမယ့် အစီရင်ခံစာမျိုးဖြစ်မှ တန်ဖိုးရှိမှာဖြစ်ပါတယ်။ ကော်မတီတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးတယ်ဆိုတာ လိုအပ်ချက်အရ ဖြစ်ပါတယ်။ ဥပမာ လယ်သိမ်း၊ မြေသိမ်းပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် လယ်ယာမြေစုံစမ်းရေးကော်မတီကိုဖွဲ့စည်းပြီး တာဝန်ပေးအပ်ခဲ့ပါတယ်။ ထို့အတူပဲ တိုင်းပြည်မှာ တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်မှု၊ အေးချမ်းမှုအားနည်းလို့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးခဲ့ရတယ်လို့ နားလည်ပါတယ်။

တရားဥပဒေစိုးမိုးရေး Rule of Law ဆိုတာ အလွန်ကျယ်ဝန်းသလို တည်ငြိမ်အေးချမ်းရေးဆိုတာ ပိုပြီးတောင် ခက်ခဲပါသေးတယ်။ လူတစ်ဦးချင်းကအစ နိုင်ငံတော်ထိပ်ပိုင်း ခေါင်းဆောင်အထိ တာဝန်ကျေနိုင်မှုဖြစ်မယ့်ကိစ္စလို့ မြင်ပါတယ်။ တစ်နေ့ထက်တစ်နေ့ ရက်ရောမှုတွေ ထူပြောလာပြီး

တော့ စိန်ခေါ်မှုတွေ အခက်အခဲပြဿနာ သောင်းခြောက်ထောင်နဲ့ ရင်ဆိုင်နေရတဲ့ ကျွန်တော်တို့နိုင်ငံမှာ ဒီလိုကော်မတီတစ်ရပ်ကိုဖွဲ့စည်းပြီး တာဝန်ပေးရုံနဲ့ အရာရာတိုးတက်ကောင်းမွန်လာပြီး ဥပဒေစိုးမိုးလာမယ်။ တည်ငြိမ်အေးချမ်းလာမယ်လို့ မထင်ပါဘူး။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို တာဝန်ပေးစဉ်က ဝန်ကြီးဌာနအားလုံးနှင့်ဆိုင်တယ်။ တစ်နည်းအားဖြင့် ဥပဒေအားလုံးနဲ့ အကျုံးဝင်တယ်ဆိုတာ တွေ့ရပါတယ်။ ဆိုလိုတာက ဝန်ကြီးဌာနအားလုံးကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖို့၊ ဥပဒေနှင့် ပတ်သက်လာရင် လိုအပ်တဲ့ဥပဒေတွေကို ဖျက်သိမ်းဖို့၊ လိုအပ်တဲ့ ဥပဒေတွေကို အသစ်ပြဋ္ဌာန်းပေးဖို့ဖြစ်ပါတယ်။ ဒီကော်မတီဟာ တာဝန်နှစ်ရပ်ကို အဓိကထား လုပ်ဆောင်ရမယ်လို့ မြင်ပါတယ်။ ဒါဖြင့်ရင် ဒီတာဝန်တွေကို ကော်မတီအနေနဲ့ ဘယ်လောက်အထိ လုပ်ဆောင်နိုင်ခဲ့ပါသလဲ။ အစိုးရဌာနဆိုင်ရာတွေနဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့ပါသလား။ အောင်မြင်မှုရော ရခဲ့ပါသလား။ ဘယ်လိုအခက်အခဲမျိုးနဲ့ ကြုံတွေ့ခဲ့ရပါသလဲ။ ဒီနေရာမှာ ကျွန်ုပ်ကိုယ်တွေ့ပြောရရင် တရားစီရင်ရေးကော်မတီ လယ်ယာသိမ်းဆည်းခံရမှု စုံစမ်းရေးကော်မတီတွေမှာ အစိုးရဌာနဆိုင်ရာတွေနဲ့ ညှိနှိုင်းဆောင်ရွက်တဲ့အခါမှာ ဥပဒေပြုလွှတ်တော်က အုပ်ချုပ်ရေးအစိုးရကို ဝင်စွက်ဖက်တယ်ဆိုပြီးတော့ သိပ်လက်မခံချင်ကြပါဘူး။ ဒါကြောင့်လည်း အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့တာ တွေ့ရပါတယ်။

နောက်တစ်ချက်က ဥပဒေပြုရေးအပိုင်းဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအနေနဲ့ လွှတ်တော်ထဲမှာ ဘယ်လိုဥပဒေမျိုးတွေကို ပြင်ဆင်ဖြည့်စွက်ခဲ့တယ်။ အသစ်ပြဋ္ဌာန်းခဲ့တယ်။ ပယ်ဖျက်ခဲ့တယ်ဆိုတာမျိုးကို အစီရင်ခံစာမှာ ပါမလာပါဘူး။ အမှန်တကယ် မလုပ်ဆောင်နိုင်ခဲ့တာလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်တွင်းစစ်ရပ်ရေးနဲ့ ပတ်သက်ပြီးတော့လည်း ကော်မတီအနေနဲ့ Statement ကြေညာချက်တစ်စုံတရာကို ထုတ်ပြန်တောင်းဆိုခဲ့တာကို မတွေ့ရပါဘူး။ အစီရင်ခံစာထဲမှာ ဖတ်ရတာကတော့ ကော်မတီဟာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွေ၊ ပညာပေးဟောပြောမှုတွေ၊ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေနဲ့ အချိန်ကုန်နေတာကိုပဲ တွေ့ရပါတယ်။ ထူးခြားတဲ့ကော်မတီရဲ့လုပ်ဆောင်ချက်ကို တွေ့ရတာကတော့ တရားဥပဒေစိုးမိုးရေးဌာန Rule of Law Centre တွေကို ဖွင့်လှစ်ဖို့ ကြိုးစားခြင်းဖြစ်ပါတယ်။ ဒီ Centre တွေမှာ အုပ်ချုပ်ရေးပိုင်းနှင့် ရဲတပ်ဖွဲ့ပိုင်းကို ပူးပေါင်းပါဝင်ဖို့ ဖိတ်ခေါ်ဆွေးတာတွေလည်း ပြုလုပ်ခဲ့ကြောင်း တွေ့ရပါတယ်။ ဒီအပေါ်မှာဝေဖန်ရရင် စေတနာထားပြီး ကြိုးစားခဲ့တာမှန်ပေမယ့် ရဲတို့၊ အုပ်ချုပ်ရေးတို့၊ တရားရေးဌာနတို့ဆိုတာ ဆိုင်ရာဆိုင်ရာဥပဒေတွေ၊ နည်းဥပဒေတွေ၊ ညွှန်ကြား

ချက်တွေ ရှိပြီးသားဖြစ်ပါတယ်။ ဒီဥပဒေကိုကိုင်ပြီး အလုပ်လုပ်နေကြတာဖြစ်ပါတယ်။ တကယ်တော့ ဒီအဖွဲ့အစည်းတွေ မတရားမလုပ်နိုင်အောင်၊ လာဘ်ပေးလာဘ်ယူတွေလုပ်လို့မရအောင်၊ ဥပဒေ ပြဋ္ဌာန်းထားပြီးသည့်ကိစ္စ… ပြုကျင့်ပါလျှင် အထိရောက်ဆုံးနှင့် အမှန်ကန်ဆုံးဖြစ်ပါတယ်။ တာဝန်ရှိတဲ့သူတွေကို ထိထိ ရောက်ရောက်လုပ်နိုင်ဖို့အတွက် ဥပဒေတွေကို ပြဋ္ဌာန်းပြီး ကူညီရပါမယ်။ Check and Balance လုပ်နိုင်ဖို့အတွက် ကြိုးစားရမှာဖြစ်ပါတယ်။

ကော်မတီရဲ့ အစီရင်ခံစာအဆုံးပိုင်းမှာ ဖော်ပြထားတာကတော့ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ရောက်ရှိခဲ့တဲ့ တိုင်စာပေါင်း ၃၇၂၅ စောင်ကို ကော်မတီအနေနဲ့ တစ်စောင်တလေကိုမှ ကိုင်တွယ် ဖြေရှင်းနိုင်ခြင်းမရှိဘဲ ဆိုင်ရာကော်မတီ၊ ကော်မရှင်တွေကိုပဲ လွှဲပြောင်းပေးခဲ့လို့ ဖော်ပြထားပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကော်မတီဟာ အလုပ်မဖြစ်ဘူးဆိုတာ သိတာနိုင်ပါတယ်။ ကျွန်တော်တို့အနေ နဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ စတင်ဖွဲ့စည်းကတည်းက ဒီကော်မတီမှာ အများကြီးမျှော်လင့်ခဲ့ပါတယ်။ ကော်မတီဝင်များအနေဖြင့်လည်း ဒီလိုလုပ်နိုင်မယ်ထင်လို့ ဒီတာဝန်ကို လက်ခံခဲ့ရတယ်လို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ သုံးနှစ်ကျော်လာသည့်တိုင် ကော်မတီဟာ လက်စွန်း လက်စ မပြနိုင်ပါဘူး။ အလွန်အရေးကြီးတဲ့ တာဝန်အားဖြင့် အလွန်ကြီးမားတဲ့ ဒီကော်မတီရဲ့ လုပ်ဆောင်ချက်တွေဟာ ပညာပေး စည်းရုံးရေးနှင့် အားယူနေရတဲ့အဆင့်မှာပဲရှိသေးတယ်ဆိုတာကို အစီရင်ခံစာမှာ ဖော်ပြနေပါတယ်။ နှစ်လတာမျှကျန်တော့တဲ့ လာမယ့်သက်တမ်းမှာလည်း ထူးပြီး လုပ်နိုင်စရာအကြောင်းမမြင်ပါဘူး။ အစိုးရတောင်မလုပ်နိုင်တဲ့ကိစ္စကို ကော်မတီလေးက လုပ်နိုင် မယ်လို့လည်း ထင်နေရင်တော့ စိတ်ကူးရင်ပဲဖြစ်ပါလိမ့်မယ်။

ကျွန်တော်ပြောလိုတာက ဒီလိုအောင်မြင်မှုတွေ မရအောင်လားဆိုပြီးတော့ ကော်မတီကို အပြစ် တင်နေတာမဟုတ်ပါဘူး။ ကော်မတီရဲ့လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီးတော့ ပြည်သူတွေကို ချပြ အစီရင်ခံတဲ့အခါမှာ ပြည်သူတွေနားလည်နိုင်အောင်၊ သဘောပေါက်နိုင်အောင်၊ လက်ခံနိုင်အောင် အကျိုးအကြောင်းအဆိုးအကောင်း၊ အားသာချက်၊ အားနည်းချက်၊ စိန်ခေါ်မှု မျှော်လင့်ချက်တွေကိုပါ အချက်ပြနိုင်မှ ကောင်းမွန်ပြီး အရည်အသွေးပြည့်ဝတဲ့ အစီရင်ခံစာတစ်စောင်ဖြစ်နိုင်ပါလိမ့်မယ်။ မလုပ်နိုင်တာကို ဘာကြောင့်မလုပ်နိုင်ဘူး။ မအောင်မြင်နိုင်တာက ဘယ်လိုအကြောင်းကြောင်းကြောင့် မအောင်မြင်ဘူး။ အောင်မြင်တယ်ဆိုရင်လည်း ဘယ်လိုကိစ္စတွေမှာ ဘယ်လိုလုပ်ခဲ့တယ်။ အောင်မြင်တယ်။ ဒါတွေကို ပါဖို့လိုပါတယ်။ ဒါကြောင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်း ရေးကော်မတီရဲ့ အစီရင်ခံစာဟာ မျှော်လင့်ချက်အားမာန်တွေ ပျောက်ဆုံးနေပြီးတော့ သမရိုးကျ

ဝတ်ကျေတမ်းကျေအစီရင်ခံစာမျိုးထက်မပိုပါကြောင်း အပြုသဘောနဲ့ ဝေဖန်တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းအေးချမ်းရေးကော်မတီ၏အစီရင်ခံစာကို အပြုသဘောနှင့် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ အခုလက်ရှိတက်နေတဲ့ဒီလွှတ်တော်က ဒါနောက်ဆုံးပုံမှန်အစည်းအဝေးဖြစ်ပါတယ်။ နောက်ဆုံးပုံမှန်အစည်းအဝေးဖြစ်သလိုလည်း ကျွန်တော်တို့ရဲ့ဆောင်ရွက်မှုတွေ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းရဲ့ဆောင်ရွက်မှု၊ ကော်မတီများရဲ့ဆောင်ရွက်မှု ဒီဆောင်ရွက်မှုတွေကို မှတ်တမ်းမှတ်ရာတွေနှင့် လွှတ်တော်မှာကျန်ရစ်ခဲ့ရမှာဖြစ်သလို ပြည်သူတွေကိုလည်း ကျွန်တော်တို့ရဲ့ဆောင်ရွက်မှုတွေကို ဒါနိဂုံးသတ်သိစေအပ်တာတွေကို သိနိုင်အောင်ဆောင်ရွက်ရမယ့်ကာလဖြစ်ပါတယ်။ ဒီလိုကာလမျိုးမှာ ကျွန်တော်တို့အခြားကော်မတီများကလည်း အစီရင်ခံတွေရေးနေကြတယ်ဆိုတာ တွေ့ရပါတယ်။ အစီရင်ခံတစ်စောင်မှာပါသင့်ပါအပ်တဲ့အစီရင်ခံအပိုင်းတွေ ရှိပါတယ်။ နောက်ဆုံးမှာ ကော်မတီရဲ့တင်ပြချက်ဆိုတဲ့အနေထားမျိုး၊ သဘောထားမှတ်ချက်ဆိုတဲ့ သဘောထားမှတ်ချက်ပေးတာမျိုး ဒါမျိုးတွေပါသင့်ပါတယ်။ အခု ဒီကော်မတီကတင်သွင်းတဲ့အစီရင်ခံစာမှာ နိဒါန်းနှင့်ဆောင်ရွက်ချက်များဆိုပြီးတော့ ပါလာပြီးတော့ ၄ မျက်နှာနှင့် ၂ ကြောင်း ဒါပဲတွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ အခုလိုဆွေးနွေးရခြင်း ကျွန်တော်အားမရလွန်းလို့ အခုလိုဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီတရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဟာ ကျွန်တော်တို့ လွှတ်တော်ကြီးပေါ်လာတဲ့ ၂၀၁၁ ခုနှစ်ကပေါ်လာတဲ့အချိန်မှာ မရှိသေးပါဘူး။ အဲဒီတော့ ဒီကော်မတီအနေနဲ့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှာ ပေါ်လာတဲ့အခါမှာ ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်လာတယ်၊ အနိုင်ရလာတဲ့ ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ကော်မတီဖြစ်တဲ့အတွက် ဒီကော်မတီကို ကျွန်တော်တို့က စိတ်ဝင်စားပါတယ်။ ဒီကော်မတီရဲ့ဆောင်ရွက်ချက်တွေကိုလည်း စိတ်ဝင်စားစွာနဲ့စောင့်ကြည့်ခဲ့ပါတယ်။ ဘာတွေဆောင်ရွက်မလဲဆိုတာကိုလည်း ကျွန်တော်တို့ လေ့လာခဲ့ပါတယ်။ အဓိကကတော့ ဒီကော်မတီရဲ့မောင်းနှင်အားကို ကျွန်တော်တို့အားကိုးပါတယ်။ ပူးပေါင်းဆောင်ရွက်ဖို့လည်း အဆင်သင့်ရှိခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ဟာ တိုင်းပြည်အရွေ့တစ်ခု

ရွှေ့အောင်တွန်းနေကြတဲ့အထဲမှာ ကျွန်တော်တို့ရဲ့ပကတိစိတ်ခံစားချက် ဖြစ်ပါတယ်။ အဲဒီအခြေအနေမှာ ဒီကော်မတီက စတင်ပြီးတော့မှခရီးထွက်တာတွေ၊ တရားရုံးတွေကိုသွားတာတွေ ကော်မတီဝင်တွေနဲ့ဆောင်ရွက်တာတွေကို တွေ့ခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ လွှတ်တော်ကို တစ်နေ့တင်ပြလာနိုး၊ တစ်နေ့တင်ပြလာနိုးနဲ့ ဘာတွေဆောင်ရွက်ခဲ့သလဲကို စောင့်ကြည့်လာတာဖြစ်ပါတယ်။ အခုနောက်ဆုံးမှာလွှတ်တော်ရဲ့ နိဂုံးပိုင်းမှာတင်လာတဲ့ အစီရင်ခံစာအရတွေ့ရတာကတော့ တိုင်စာပေါင်း ရရှိတဲ့ ၃၇၂၅ စောင် ဒီထဲမှာ တရားစီရင်ရေးနှင့်စပ်လျဉ်းပြီး ၁၈၀၀ စောင် ကျွန်တော်တို့နိုင်ငံမှာ တရားစီရင်ရေးနှင့်ပတ်သက်ပြီးတော့မှ မကျေနပ်မှုတွေ အမှုပေါင်း ၁၈၀၀ လာတိုင်တဲ့သဘောရှိပါတယ်။ ဒီနေရာမှာ ဘယ်လောက်အထိ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြတယ်။ ဘယ်လိုအစိုးရကို တိုက်တွန်းနိုင်ခဲ့တယ်။ ကော်မတီအနေနဲ့ ဘယ်လိုတိုက်တွန်းနိုင်ခဲ့တယ် သို့မဟုတ် လွှတ်တော်ကြီးကတစ်ဆင့် ဘယ်လိုဆောင်ရွက်နိုင်ခဲ့တယ်။ တရားစီရင်ရေးဌာနကို ဒီမဏ္ဍိုင်ကြီးကို ဘယ်လိုထိန်းညှိနိုင်ခဲ့တယ်ဆိုတာမျိုး ကျွန်တော်တို့က သိချင်လာပါတယ်။ ပြီးတော့ လယ်ယာမြေနှင့်စပ်လျဉ်းပြီးတော့ပဲ ၁၂၀၀ စောင် လက်ခံရရှိခဲ့တယ်ပြောပါတယ်။ အဲဒီတော့ နောက်ဆုံးမှာတော့ ဒီမှတ်ချက်များ၊ အကြံပြုချက်များပေးပြီးတော့ သက်ဆိုင်ရာကော်မတီများ၊ ကော်မရှင်များသို့ ပေးပို့ပြီးပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဒီလိုအစီရင်ခံတယ်ဆိုတော့ ကျွန်တော်သက်ဆိုင်ရာကော်မတီ၊ ကျွန်တော်လယ်ယာမြေကော်မရှင်မှာပါပါတယ်။ ဒါပေမယ့် တရားစီရင်ရေးသည် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီနှင့် ကျွန်တော်တို့ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့တာတွေတော့ မရှိခဲ့ပါဘူး။ အဓိကကျွန်တော်တို့ပြောချင်တာကတော့ ပြည်သူ့တွေရဲ့တရားဥပဒေစိုးမိုးမှုမရှိတာတွေ၊ တည်ငြိမ်အေးချမ်းမှုမရတဲ့ကိစ္စတွေကို ဘယ်လိုပူးပေါင်းဆောင်ရွက်ခဲ့သလဲ၊ ဘယ်လိုဆောင်ရွက်ခဲ့သလဲ၊ ဘယ်လိုရလဒ်တွေထွက်ခဲ့သလဲ။ ဒါတွေနဲ့ပတ်သက်တဲ့အစီရင်ခံစာကို နောင်လာနောင်သားတွေပေးဖို့၊ လက်ရှိပြည်သူတွေသိဖို့ ဒီအစီရင်ခံစာမှာပါစေချင်တာပါ။ ကျွန်တော်တို့ကိုယ်တိုင်က ဒီ ၂၀၁၁-၂၀၁၅ လွှတ်တော်တက်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်က လေ့လာချင်ပါတယ်။ ဒီတရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ ဆောင်ရွက်ချက်တွေလေ့လာချင်ပါတယ်ဆိုရင်၊ ဒီစာမျက်နှာ ၄ မျက်နှာနဲ့ ၂ ကြောင်းကိုပဲ လေ့လာရမယ်ဆိုရင် ကျွန်တော်တို့အတွက် ဒါမပြည့်စုံတဲ့လေ့လာခြင်းဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့လွှတ်တော်မှာ ကိုယ်လုပ်ခဲ့တဲ့ကိုယ့်သမိုင်းတွေစိုက်ထူခဲ့ကြပါတယ်။ ကျွန်တော်တို့ အခြားသူတွေစိုက်ထူတာတွေကိုလည်း မှတ်သားလိုပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အတွက် ဒီထဲမှာဖတ်လိုက်ရတဲ့အခါမှာ မှတ်သားခွင့်မရဘူးလို့ ခံယူရပါတယ်။ အဲဒီလိုပဲ ပြည်သူလူထုကလည်း ဒီအပေါ်မှာမှတ်သားလိုတဲ့ဆန္ဒ၊ သိလိုတဲ့ဆန္ဒတွေ ရှိကြပါတယ်။ အဲဒီ

အတွက် တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအနေနဲ့ အစီရင်ခံစာကို နောက်ထပ် ထပ်တိုးသော်လည်းကောင်း နောက်ကနေထပ်တွဲအနေနဲ့ ထပ်ဖြည့်ပြီးတော့ ဖြည့်စွက်နိုင်မယ်ဆိုရင် ဖြည့်စွက်ပေးစေချင်ပါတယ်။ ကျွန်တော်တို့ဟာ အစီရင်ခံစာတစ်စောင်ဟာ ပြည့်ပြည့်စုံစုံနဲ့ လွှတ်တော်ကော်မတီကြီးတစ်ခုအနေနဲ့ ဂုဏ်သိက္ခာရှိစွာ ရေးပေးစေချင်ပါတယ်လို့ ကျွန်တော့်အနေနဲ့ အပြုသဘောနဲ့ ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(ဃ)အရ တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(အတွင်းရေးမှူး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှာ စတင်တာဝန်ပေးအပ်ခဲ့စဉ်က ကော်မတီရဲ့ အစီရင်ခံစာကို နှစ်စဉ်တင်ပြရမယ်ဆိုတာ ပါရှိပါတယ်။ ပါရှိခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဟာ အစီရင်ခံစာကို နှစ်စဉ်မပျက်မကွက် တင်သွင်းခဲ့တဲ့ ကော်မတီတစ်ခုဖြစ်ပါတယ်။ အဲဒီတော့ တင်သွင်းတဲ့အခါမှာ ပထမနေ့တင်သွင်းတယ်။ ဒုတိယနေ့ တင်သွင်းတယ်။ အဲဒီ တင်သွင်းတဲ့အခါမှာ ကျွန်တော်တို့အခုနက ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးတယ်။ တရားရုံးတွေသွားတယ်။ မြို့နယ်တရားရုံးတွေ၊ ခရိုင်တရားရုံးတွေ၊ တိုင်းတရားရုံးတွေသွားတယ်။ အထွေထွေ အုပ်ချုပ်ရေးရုံးတွေသွားတယ်။ ရဲစခန်းတွေသွားတယ်။ ပြည်နယ်တိုင်းအသီးသီးကိုသွားခဲ့တယ်။ သွားခဲ့တဲ့တွေ့ရှိချက် ကျွန်တော်တို့ရဲ့လေ့လာသုံးသပ်ချက်၊ ကျွန်တော်တို့ရဲ့ အကြံပြုချက် အဲဒါတွေ အကုန်လုံးဟာ နှစ်စဉ်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီကြားထဲမှာလည်း ကြားဖြတ်အစီရင်ခံစာကို ကျွန်တော်တို့တင်ခဲ့ပါတယ်။ အဲဒီတင်ခဲ့တဲ့အထဲမှာ အားလုံးဟာ ပါပြီးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ

အားလုံးပါပြီးခဲ့တဲ့ဟာကို တရားရုံးတွေသွားတယ်။ ဘာတွေ့ရှိခဲ့တယ်။ ဘာတွေညာတွေ မသိရကောင်းလားဆိုတာကတော့ အဲဒီကိုယ်စားလှယ်ကြီးများအနေနဲ့ မလေ့လာမမှတ်သားလို့ပဲဖြစ်ပါလိမ့်မယ်။ အဲဒီတော့ ကျွန်တော်တို့တင်ခဲ့ပြီး တင်ခဲ့ပြီးတဲ့အခါကျတော့ ဒီနှစ်တွေ့ရှိချက်ကိုကျတော့ ဘယ်လိုလုပ်လဲလို့မေးရင် ဒီနှစ်တွေ့ရှိချက်ကို ဒါတွေပဲထပ်ထပ်တင်နေရင် ကိုယ်စားလှယ်ကြီးတွေက တစ်နှစ်လာလည်း ဒါပဲတင်တယ်။ နောက်တစ်နှစ်လာလည်း ဒါပဲတင်တယ်။ ဒီအဖြေမျိုးကလာဦးမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီလိုတွေ့ရှိတဲ့အခါမှာ တိုင်းနှင့် ပြည်နယ်တွေသွားတာ၊ တရားရုံးတွေသွားတာ၊ အထွေထွေအုပ်ချုပ်ရေးရုံးသွားတာ၊ ရဲစခန်းတွေသွားတာ တွေ့ရှိချက်တွေက တစ်ပုံစံတည်းပဲ။ တွေ့ရှိချက်တွေက တစ်ပုံစံတည်းဖြစ်တဲ့အခါကျတော့ ကျွန်တော်တို့ကော်မတီအနေနဲ့ ဒီတွေ့ရှိချက်ကိုမတင်တော့ဘဲနဲ့ ဘာကိုတင်သလဲဆိုလို့ရှိရင် အဲဒီတွေ့ရှိချက်တွေအပေါ်မှာ အဖြေဘယ်လိုရှာမလဲ၊ ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲ၊ ဘယ်လိုလုပ်မလဲ။ အဲဒီတော့ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးနဲ့ ပူးပေါင်းဆောင်ရွက်တာတွေ အခုနက Workshop တွေလုပ်ပါတယ်။ ပြောပါတယ်။ သင်တန်းတွေလုပ်ပါတယ်။ အချိန်ကုန်နေတယ်လို့ပြောပါတယ်။ တကယ်တော့ ဒါဟာအချိန်မကုန်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တရားဥပဒေစိုးမိုးရေးဆိုတာ တရားဥပဒေစိုးမိုးရေးကော်မတီတစ်ခုတည်းရဲ့ တာဝန်မဟုတ်ပါဘူး။ ကျန်တဲ့ကော်မတီအားလုံး အသီးသီးရဲ့တာဝန်၊ ကျန်တဲ့အစိုးရအဖွဲ့အစည်းအသီးသီး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ ပြီးရင် ပြည်သူလူထုအားလုံး၊ NGO၊ CSO အားလုံးရဲ့တာဝန်၊ နိုင်ငံသူနိုင်ငံသားအားလုံးရဲ့တာဝန်၊ ကော်မတီတစ်ခုတည်းရဲ့တာဝန်မဟုတ်ဘူး။ အဲဒီတော့ ကော်မတီတစ်ခုတည်းရဲ့တာဝန်မဟုတ်တဲ့အခါကျတော့ နိုင်ငံသူနိုင်ငံသားအားလုံးရဲ့တာဝန်ဖြစ်တဲ့အခါကျတော့ အဲဒီပုဂ္ဂိုလ်တွေပါ ဥပဒေပညာပေးပြီးတော့ ဒီလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ အခုနက သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ UNDP၊ UNESCOတွေ၊ UN အဖွဲ့အစည်းတွေနဲ့ ဘယ်လိုလုပ်ပါတယ်ဆိုတာကို ကျွန်တော်တို့က အရှိကိုအရှိအတိုင်း လွှတ်တော်ကိုတာဝန်ကျေပွန်စွာတင်ပြတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဖြေတစ်ခုကို လက်ခံရရှိပါသလားလို့ မေးကြတာရှိပါတယ်။ အဖြေတစ်ခုလက်ခံရရှိပါသလားဆိုတာ အဲဒီ မေးရင်း မေးရင်းနဲ့ ဆွေးနွေးတဲ့ကိုယ်စားလှယ်တွေမှာပဲ အဖြေပါသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကော်မတီရဲ့ ဒီလိုပေးပို့တဲ့ အစီရင်ခံစာတွေမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုတွေမရှိပါဘူးတဲ့။ ပူးပေါင်းဆောင်ရွက်မှုမရှိမှတော့ ဘယ်လိုလုပ်အဖြေက ထွက်တော့မှာလဲ။ ဒါအားလုံးမှာ တာဝန်ရှိတယ်။ ကော်မတီအားလုံးမှာ တာဝန်ရှိတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ အရှိတိုင်းတင်ပြတာပါ။ ဒီအစိုးရအဖွဲ့နဲ့ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နေတယ်ဆိုတာကိုလည်း ပထမအစီရင်ခံစာ သုံးခုမှာပါပြီးသားပါ။ ဒီလိုပါပြီးသားပါ။ အခုလည်း ဒီမှာ

ပူးပေါင်းဆောင်ရွက်နေတာ။ ရဲတွေနဲ့ပတ်သက်လို့၊ အစိုးရအဖွဲ့နဲ့ အုပ်ချုပ်ရေးပိုင်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ဒီမှာ ပါပြီးသားပါ။ အဲဒီတော့ ဒီလိုပါပြီးသား ပူးပေါင်းဆောင်ရွက်နေတာလည်း ပါပြီးသား။ အဲဒီတော့ ကော်မတီက လက်စွမ်းလက်စ မပြနိုင်ဘူး။ ဒီလိုသုံးသပ်တာရှိပါတယ်။ ကော်မတီက လက်စွမ်းလက်စမပြနိုင်ဘူး။ တရားဥပဒေစိုးမိုးရေးကော်မတီက လက်စွမ်းလက်စမပြနိုင်ဘူးဆိုရင်၊ ဝတ်ကျေတန်းကျေ အစီရင်ခံစာပဲရေးတယ်ဆိုရင် ကျွန်တော်တို့ကော်မတီကမှ အစီရင်ခံစာ ပုံမှန်တင်ပါသေးတယ်။ ကျန်တဲ့ကော်မတီများ ကျွန်တော်ပြောပါမယ်။ အဲလိုမေးကြ စတမ်းဆိုရင်။ အစီရင်ခံစာတောင် ပုံမှန်တင်နိုင်ပါရဲ့လား။ ဘယ်လောက်များ လက်စွမ်းလက်စ များပြနိုင်ကြပါသလဲ။ ဘယ်လောက်များ ဝတ်ကျေတန်းကျေလုပ်ပါသလဲ။ ပြီးရင် အခုနက ပြောပါတယ်။ ကော်မတီနဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိဘူးတဲ့ အဖြေက ပါသွားပြီ။

**ဒုတိယဥက္ကဋ္ဌ။** ။ ဦးဝင်းမြင့်ခင်ဗျား။ မိမိကော်မတီက အခြေအနေပဲပြောပါ။ သူများ ကော်မတီတွေကိုတော့ မပြောစေလိုပါဘူးခင်ဗျား။

**ဦးဝင်းမြင့်(အတွင်းရေးမှူး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ)။** ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခုနကလည်း ကျွန်တော်တို့ကော်မတီကို ဒီလိုပဲ ပြောသွားတဲ့စကားလုံးကို ကျွန်တော်က ပြန်လည်ရှင်းလင်းတင်ပြတာပဲဖြစ်ပါတယ်။ ကျွန်တော် သူများကော်မတီကို ပြောတာ မဟုတ်ပါဘူး။

**ဒုတိယဥက္ကဋ္ဌ။** ။ အစီရင်ခံတဲ့ ကော်မတီအပေါ်မှာ အစီရင်ခံစာပေါ်မှာ ဆွေးနွေးတဲ့ ထင်မြင်ချက်၊ ယူဆချက်တွေပြောတာဖြစ်တဲ့အတွက် သူတို့မှာ တင်တဲ့အစီရင်ခံစာကော်မတီကိုပဲ သူ ပြောသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြန်လည်ပြောဆိုတဲ့အခါမှာ မိမိကော်မတီအပေါ်မှာ ပြောထားတာလေးကို ရှင်းလင်းဖို့ပဲလိုပါတယ်။

**ဦးဝင်းမြင့်(အတွင်းရေးမှူး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ)။** ။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ရဲ့အစီရင်ခံစာကို သဘောတူလက်ခံပေးရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(ဃ)အရ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုနိုင်ဖို့အတွက် လွှတ်တော်ရဲ့သဘောထားကို လက်ခံရယူပါမယ်။ လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားပါခင်ဗျား။

မူကြမ်း

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် (တနင်္လာနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးအောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၂း၁၅။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကို ၁၂း၁၅ အချိန်တွင် ရပ်နားပါသည်။]